www.dhammadownload.com

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ဂုဏ္ဍလောဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

စေတီအမျိုးမျိုးနှင့် သိမ် ကထိန်ပါ သိကောင်းစရာ



သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၉

www.dhammadownload.com

ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

- မီးရောင်ဆောင်ကာ၊ မှောင်ပျောက်ရာ၊ ခေါ်ပါတန်ဆောင်မုန်း။
- အသုံးအဆောင်များ၊ ထည့်သွင်းထား၊ ခေါ်ငြားပရိဘောဂမည်။
  ဓာတ်တော်အများ၊ ထည့်သွင်းထား၊ ခေါ်ငြားဓာတုမည်။
  တရားတော်များ၊ ထည့်သွင်းထား၊ ခေါ်ငြားဓမ္မမည်။
  ပရိ.ဓာတု၊ ဓမ္မဟု၊ သုံးခုစေတီပြား။
- ကိုယ်တော်အစား၊ ဆင်းရုပ်ပွား၊ ခေါ်ငြားဥဒ္ဒိဿကမည်။
  ကိုယ်တော်တွင်းမှ၊ ဖြစ်သမျှ၊ ခေါ်ရသာရီရာ။
  ခြေတော်ချရာ၊ ပူဇော်တာ၊ မှန်စွာပါဒမည်။
- စူဠမဏိ၊ အမည်ရှိ၊ တည်ဘိဝတိ်သာ။
  ဉာဏ်တော်ပမာ၊ သုံးယူဇ၊ မှန်စွာမြင့်ပေသည်။
- ဒုဿမည်ရှိ၊ စေတီ၏၊ တည်ဘိကနိဋ္ဌာ။
  ဉာဏ်တော်ပမာ၊ ဆယ့်နှစ်ဇ၊ မှန်စွာမြင့်ပေသည်။
- စေတီတော်အား၊ လှူငြားပါလျှင်၊
  သက်တော်ထင်ရှား၊ ဘုရားတူပင်၊
  ကြည်ညိုစိတ်ထား၊ တူငြားပါလျှင်၊
  အကျိုးရ၊ မုချတူညီပင်။

www.dhammadownload.com

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ဇောတိကာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

စေတီအမျိုးမျိုးနှင့် သိမ် ကထိန်ပါ သိကောင်းစရာ



သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၉

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် – ၃၂၀၆၀၆၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၁၄၀၁၀၉

ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ – ၃၀၀၀

တန်ဖိုး –

ပုံနှိပ်ပြီးသည့်လ

ဇန်နဝါရီလ၊ ၂၀၀၉-ခုနှစ်၊

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးသိန်းထွန်း (၀၄၈၂၂)

သိန်းထွန်းအော့ဖ်ဆက် ဖုန်း-၀၁၅၄၂၀၅၆

၅၀-၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ


ဒုဗိုလ်မှူးကြီးတင်အောင် (ငြိမ်း)

သဒ္ဓမ္မရံသီစာပေ (၀၃၃၆၆)

အမှတ်-၇၊ ဇေယျာခေမာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၆၆၁၅၉၇၊ ၆၅၀၅၅၇၆

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

ဘဒ္ဒန္တကုလ္လာဘိဝံသ

www.dhammadownload.com

နိဒါန်းအမှာ

ဤစာအုပ်၌ စေတီအမျိုးမျိုးတို့ကို ရေးသားဖော်ပြရာတွင် တန်ဆောင်မုန်းလအကြောင်း၊ တန်ဆောင်မုန်းလ၏အဓိပ္ပာယ်ကို ရှေးဦးစွာ ဖော်ပြပါမည်။ ဘာ့ကြောင့် တန်ဆောင်မုန်းလ၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြရပါလဲဆိုပါလျှင် တန်ဆောင်မုန်း လသည် စေတီအမျိုးမျိုးတို့ကို မီးရောင်ဖြင့် ပူဇော်ရာလဖြစ်၍ ရှေးဦးစွာ ရေးသားဖော်ပြရခြင်း ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တန်ဆောင်မုန်းလ၏ အဓိပ္ပာယ်ကို သိလိုကြပေသည်။ ဗဟုသုတအဖြစ်ဖြင့် သိလည်း သိသင့်ကြပါသည်။ ဘာသာခြား၊ နိုင်ငံခြားသားများက ထိုလ အကြောင်းကို မေးလာတတ်ကြပေသည်။ မေးလာခဲ့သော် ဖြေ နိုင်ကြလျှင် သာသနာအတွက် အကျိုးများမည် ဖြစ်ပါသည်။ မိမိတို့အတွက်လည်း ကုသိုလ်များ ရရှိကြမည် ဖြစ်ပေသည်။ ထို့ကြောင့် တန်ဆောင်မုန်းလ၏အဓိပ္ပာယ်ကို ရှေးဦးစွာ ရေးသား ဖော်ပြရခြင်း ဖြစ်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

www.dhammadownload.com

www.dhammadownload.com

တန်ဆောင်မုန်းလ မြတ်နိုးကြ

(အကျဉ်း)

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တန်ဆောင်မုန်းလ၌ စိတ်ကြည်နူးမှုကို ရရှိကြ၍ တန်ဆောင်မုန်းလကို မြတ်နိုးကြပေသည်။ တန်ဆောင်မုန်းလသို့ ရောက်လာသောအခါ မိုးအခါကာလ ကုန်ခါနီးပြီဖြစ်၍ မိုးကောင်းကင်၌ မိုးတိမ်များ ကင်းစင်ကာ သန့်ရှင်းကြည်လင်နေပေသည်။ သန့်ရှင်းကြည်လင်သည့် မိုးကောင်းကင်ကို မြင်ကြရသောသူတို့သည် စိတ်ကြည်နူးမှုများဖြစ်ကာ တန်ဆောင်မုန်းလကို မြတ်နိုးကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တန်ဆောင်မုန်းလသို့ ရောက်လာသောအခါ မိမိတို့ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ ဝမ်းမြောက်ဝမ်းသာ ကထိန်သင်္ကန်းအလှူဒါနကို ပြုလုပ်လေ့ရှိကြပေသည်။ ထိုကထိန်အလှူဒါနကို မြတ်စွာဘုရားအမိန့်တော်အရ တစ်နှစ်မှာ တစ်ကြိမ်သာ

www.dhammadownload.com

လှူဒါန်းခွင့်ရကြပေသည်။ တစ်ကြိမ်မှာလည်း တစ်လအတွင်း၌သာ လှူဒါန်းခွင့်ရကြပေသည်။ တစ်လအတွင်း၌လည်း ကျောင်းတိုက်တစ်ခုမှာ တစ်နေ့တည်းသာ လှူဒါန်းခွင့်ရကြပေသည်။

ဗုဒ္ဓဘာသာဝင် ကထိန်သင်္ကန်းအလှူရှင်တို့သည် မွန်မြတ်သော စားသောက်ဖွယ်တို့ကို အထူးစီမံ၍ လှူဒါန်းကျွေးမွေးလေ့ရှိကြပေသည်။ လူမျိုးမရွေး၊ ပုဂ္ဂိုလ်မရွေး စတုဒိသာအဖြစ်ဖြင့် ကျွေးမွေးလေ့ရှိကြပေသည်။ သို့ဖြစ်၍ ကထိန်အလှူဒါနကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အလွန်မြတ်နိုးကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တန်ဆောင်မုန်းလပြည့်နေ့သို့ ရောက်လာသောအခါ တန်ခိုးကြီးဘုရားများနှင့် မိမိတို့ကိုးကွယ်ကြသော ကျောင်း၊ ဘုရား၊ စေတီများသို့ သွားရောက်၍ မီးထွန်းပူဇော်လေ့ရှိကြပေသည်။ မိမိတို့နေထိုင်ရာ ရပ်ကွက်များ၌လည်း လှလှပပ ကြည်နူးဖွယ်ဖြစ်အောင် မီးထွန်းပူဇော်ပွဲများ ပြုလုပ်လေ့ရှိကြပေသည်။ မီးထွန်းပွဲများပြုလုပ်ကာ ကောင်းမှုကုသိုလ်များ ပြုကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ မြတ်နိုးကြသည့် တန်ဆောင်မုန်းလ၌ သိကောင်းစရာများမှာ -

www.dhammadownload.com

၁။ တန်ဆောင်မုန်းဟု ခေါ်ရခြင်းအကြောင်း၊
၂။ မီးထွန်းရခြင်းအကြောင်းများ ဖြစ်ပေသည်။

၁။ တန်ဆောင်မုန်းဟု ခေါ်ရခြင်းအကြောင်းမှာ-တန်ဆောင်မုန်းဟူသော မြန်မာစကားကို ပုဂံခေတ်က (တန်ဆောင်မူန်း)ဟု ဟထိုးဖြင့် သုံးနှုန်းခေါ်ဝေါ်ကြပေသည်။ တန်ဆောင်မူန်း(မုန်း)ဟူသော မြန်မာစကားဌ် တန်-က တစ်ပုဒ်၊ ဆောင်-က တစ်ပုဒ်၊ မူန်း(မုန်း)-က တစ်ပုဒ်ဟူ၍ သုံးပုဒ်ဖြစ်ပေသည်။

(က) တန်-က တန်ခိုးအရောင်ကဲ့သို့ မီးအရောင်ကို ဟောပါသည်။
(ခ) ဆောင်-က ဆောင်ယူခြင်းအနက်ကို ဟောပါသည်။
(ဂ) မူန်း(မုန်း)-က အမှောင်ကို ချေမှုန်းခြင်း၊ ပယ်ဖျောက်ခြင်း၊ ထွန်းလင်းစေခြင်းအနက်ကို ဟောပါသည်။

တန်ဆောင်မူန်း(မုန်း) = မီးအရောင်ကို ဆောင်ယူ၍ အမှောင်ကို ပယ်ဖျောက်ကာ လင်းစေသောလဟူ၍ အဓိပ္ပာယ်ရပါသည်။

www.dhammadownload.com

၂။ မီးထွန်းရခြင်း၏ အကြောင်းမှာ - ရှေးခေတ်အခါက နက္ခတ်အတတ်ပညာ တတ်ကျွမ်းကြသောပုဂ္ဂိုလ်တို့သည် နက္ခတ်တို့ကို စောင့်ရှောက်ကြသော နတ်များကို လေ့လာကြ၍ နက္ခတ်စောင့်နတ်များကိုလည်း သိကြပေသည်။ ထိုတန်ဆောင်မုန်းလတွင် စန်းနှင့်ယှဉ်သော ကြတ္တိကာနက္ခတ်ကို မီးနတ်သားစောင့်၏။ ထိုကြတ္တိကာနက္ခတ်စောင့် မီးနတ်သားသည် တစ်နှစ်တစ်ကြိမ် တန်ဆောင်မုန်းလ၌ လူပြည်သို့ သက်ဆင်းလာသည်ဟု ဆိုကြပေသည်။ ဤကဲ့သို့ မီးနတ်သား လူပြည်သို့ သက်ဆင်းလာသောအခါ ဘုရင်နှင့်တကွ တိုင်းသူပြည်သားလူအများက မီးနတ်သားကို ဆီမီးများညှိထွန်းကာ ပူဇော်ကြသော အစဉ်အလာ ရှိခဲ့ကြပေသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့၌ မီးထွန်းပွဲများ ပြုလုပ်ကာ မီးနတ်သားကို ပူဇော်ကြခြင်းဖြစ်သည်ဟု ဆိုကြပေသည်။

ယခုခေတ်အခါမှာမူ သာသနာရေး၊ ဘာသာရေးတို့၌ တတ်သိလိမ္မာသူ ပညာရှိပုဂ္ဂိုလ်တို့က "မီးနတ်သားကို မီးထွန်းပူဇော်ရခြင်းထက် မြတ်စွာဘုရား၏ စေတီတော်များကို ရည်မှန်း၍ မီးထွန်းကာ ပူဇော်ရခြင်းက ပို၍ အကျိုးများလှပေသည်"ဟု ညွှန်ပြပေးကြသဖြင့် တန်ဆောင်မုန်းလပြည့်နေ့၌ မီးထွန်းပွဲများ

www.dhammadownload.com

ကျင်းပကာ စေတီတော်များကို ရည်မှန်း၍ မီးထွန်းပူဇော်ကြရခြင်း ဖြစ်ပေသည်။

စေတီများကို ရည်မှန်း၍ မီးထွန်းပူဇော်ကြရာတွင် နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ သိဒ္ဓတ္ထမင်းသားအလောင်းတော်၏ စေတီနှစ်ဆူရှိပေသည်။

(က) တာဝတိံသာနတ်ပြည်၌ **စူဠာမဏိစေတီတော်**၊
(ခ) အကနိဋ္ဌဗြဟ္မာပြည်၌ **ဒုဿစေတီတော်**ဟူ၍ နှစ်ဆူရှိပေသည်။

(က) တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော် တည်ရှိပုံမှာ - သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် မင်းသားငယ်၏ မင်းစည်းစိမ်ကို (၁၆)နှစ်၊ မင်းကြီး၏ မင်းစည်းစိမ်ကို (၁၃)နှစ် စံစားပြီး၍ သက်တော်(၂၉)နှစ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ ညဉ့်သန်းခေါင်ယံအချိန်တွင် တောထွက်တော်မူခဲ့လေသည်။ အနော်မာမြစ် တစ်ဖက်ကမ်းသို့ရောက်သောအခါ ရဟန်းပြုရန် အတွက် ဆံထုံးတော်ကို သန်လျက်ဓားဖြင့်ဖြတ်၍ မကိုင်နှင့်တကွ ဆံထုံးတော်ကို အဓိဋ္ဌာန်ပြုကာ ကောင်းကင်သို့ မြှောက်တင်လိုက်လေ၏။ "မိမိသည် စင်စစ်ကောန် ဘုရားဖြစ်မည့်သူ မှန်ခဲ့

www.dhammadownload.com

ပါလျှင် မကိုင့်နှင့်တကွ ဆံထုံးတော်သည် ကောင်းကင်၌ ချိတ်ဆွဲထားသကဲ့သို့ တည်ပါစေ၊ ဘုရားဖြစ်နိုင်သူ မဟုတ်ပါက မြေပြင်သို့ ပြန်ကျလာပါစေ"ဟု အဓိဋ္ဌာန်ပြုကာ မြှောက်တင်လိုက်ရာ တစ်ယူဇနာခန့်မြင့်သော ကောင်းကင်၌ တည်နေလေ၏။

သိကြားမင်းသည် နတ်တို့မျက်စိ(ဒိဗ္ဗစက္ခု)ဖြင့် မြင်၍ မကိုင့်တော်နှင့်တကွ ဆံထုံးတော်ကို ရွှေပန်းတောင်းဖြင့် ဆောင်ယူကာ တာဝတိံသာနတ်ပြည်၌ မကိုင့်တော်နှင့်တကွ ဆံထုံးတော်ကို ဌာပနာသွင်းကာ အလွန်နှစ်သက်ဖွယ်ရာကောင်းလှသော ရတနာ(၇)ပါးတို့ဖြင့် ခြယ်စီကာ စေတီတော်ကို တည်ထားလေ၏။ စေတီတော်၏ ဉာဏ်တော်အမြင့် ပမာဏမှာ (၃)ယူဇနာမြင့်ပေသည်။ တစ်ယူဇနာလျှင် (၈)မိုင်နှုန်းဖြင့် တိုင်းတာခဲ့သော် (၂၄)မိုင် ဉာဏ်တော် မြင့်ပေသည်။ မကိုင့်တော်နှင့်တကွ ဆံထုံးတော်ကို ဌာပနာထည့်သွင်းထားသောကြောင့် "**စူဠာမဏိစေတီ**" ဟု ခေါ်ကြပေသည်။

(ဇာတ်-၄-၁/၇၆)

ဆောင်ပုဒ်။ ။ စူဠာမဏိ၊ အမည်ရှိ၊ တည်ဘိဝတိသာ။
ဉာဏ်တော်ပမာ၊ သုံးယူဇ၊
မှန်စွာမြင့်ပေသည်။

www.dhammadownload.com

ဤစူဠဇာတကဏ္ဍကို ရည်မှန်း၍ တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီးများညှိထွန်းကာ ပူဇော်ကြရခြင်း ဖြစ်ပေသည်။

(ခ) အကန့်ဌပြဟ္မာပြည်၌ ဒုဿစေတီတော် တည်ရှိနေပုံမှာ-ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်နှင့် အလွန်ချစ်ခင်ရင်းနှီးသော ယဋ်ကာရဖြပဟ္မာကြီးသည် သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော် ဆံထုံးကိုဖြတ်၍ ရဟန်းပြုတော့မည့်အဖြစ်ကို မြင်သောကြောင့် တိစီဝရိတ်(သင်္ကန်းသုံးထည်)၊ သပိတ်၊ ဓား၊ အပ်နှင့် အပ်ချည်၊ ခါးပန်း၊ ရေစစ်ဟူသော ပရိက္ခရာရှစ်ပါးကို ယူဆောင်လာ၍ ဘုရားအလောင်းတော်အား ဆက်ကပ်လှူဒါန်းလေ၏။ အလောင်းတော်သည် ဝတ်လဲတော်ပုဆိုးကိုချွတ်၍ ပရိက္ခရာရှစ်ပါးကို နေရာတကျ ကြည်ညိုဖွယ်ဖြစ်အောင် ဝတ်ရုံလိုက်လေ၏။

ဆောင်ပုဒ်။ ။ တိစီဝရိတ်၊ သပိတ်၊ ဓားအပ်၊ ခါးပန်း၊ ရေစစ်၊ ရှစ်ခုဖြစ်၊ စင်စစ်ပရိက္ခရာ။

ယဋ်ကာရဖြပဟ္မာကြီးသည် အလောင်းတော်၏ ဝတ်လဲတော်ပုဆိုးကို ယူဆောင်၍ ရူပါဝစရဖြပဟ္မာပြည်တွင် အမြင့်ဆုံးအကနိဋ္ဌဖြပဟ္မာဘုံ၌ ဝတ်လဲတော်ပုဆိုးကို ဌာပနာသွင်း၍ အလွန်နှစ်သက်စရာကောင်းသော ရတနာတို့ဖြင့် ခြယ်စီကာ စေတီ

www.dhammadownload.com

တော်ကို တည်ထားလေ၏။ စေတီတော်၏ ဉာဏ်တော်ပမာဏမှာ (၁၂)ယူဇနာ မြင့်ပေသည်။ တစ်ယူဇနာလျှင် (၈)မိုင်နှုန်းဖြင့် တိုင်းတာခဲ့သော် (၉၆)မိုင် ဉာဏ်တော်အမြင့် ရှိပေသည်။ ဝတ်လဲတော်ပုဆိုးကို ဌာပနာသွင်း၍ထားသောကြောင့် **"ဒုဿစေတီ"** ဟု ခေါ်ကြပေသည်။

ဆောင်ပုဒ်။ ။ ဒုဿမည်ရှိ၊ စေတီ၏၊ တည်ဘိကနိဋ္ဌာ။
ဉာဏ်တော်ပမာ၊ ဆယ့်နှစ်ဇာ၊
မှန်စွာမြင့်ပေသည်။

ဤဒုဿစေတီတော်ကို ရည်မှန်း၍လည်း တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီးများ ညှိထွန်းကာ ပူဇော်ကြရခြင်း ဖြစ်ပေသည်။

(ဗုဒ္ဓဝံသ-၌/၃၃၃)

ဤတန်ဆောင်မုန်းလပြည့်နေ့မှာ လူပြည်၌ရှိသော စေတီတော်များကိုလည်း ရည်မှန်း၍ ဆီမီးများညှိထွန်းကာ ပူဇော်ကြရပေသည်။ လူပြည်၌ရှိနေကြသော စေတီတို့သည် သုံးမျိုးရှိပေသည်။

www.dhammadownload.com

၁။ မြတ်စွာဘုရား၏ သွားတော်၊ စွယ်တော်၊ ဆံတော် စသည်များသည် **သာရီရိကစေတီ**မည်၏။

၂။ မြတ်စွာဘုရား၏ အသုံးအဆောင်ဖြစ်သော ကျောင်းတော်၊ ပလ္လင်တော်၊ သလွန်တော်၊ ဗောဓိပင်၊ ပရိက္ခရာ စသည်များသည် **ပရိဘောဂစေတီ**မည်၏။

၃။ မြတ်စွာဘုရား၏ကိုယ်စား ပြုလုပ်ထားသော ကျောက်ဆင်းတု၊ ကြေးဆင်းတုစသော ရုပ်ပွားတော်များသည် **ဥဒ္ဒိဿကစေတီ**မည်၏။

(ဇာတက-ဋ္ဌ-၄/၂၂၉)

တစ်နည်း စေတီ(၅)မျိုး

၁။ မြတ်စွာဘုရား၏ အသုံးအဆောင် ပရိက္ခရာများကို ဌာပနာသွင်း၍ တည်ထားသော စေတီသည် **ပရိဘောဂစေတီ**မည်၏။

၂။ မြတ်စွာဘုရား၏ကိုယ်စား ပြုလုပ်ထားသော ကျောက်ဆင်းတု၊ ကြေးဆင်းတုစသော ရုပ်ပွားတော်များသည် **ဥဒ္ဒိဿကစေတီ**မည်၏။

၃။ မြတ်စွာဘုရား၏ သွားတော်၊ စွယ်တော်၊ ဆံတော် စသည်များကို ဌာပနာသွင်း၍ တည်ထားသော စေတီသည် **ဓာတုစေတီ**မည်၏။

www.dhammadownload.com

၄။ မြတ်စွာဘုရား ဟောကြားတော်မူသော ပဋိစ္စသမုပ္ပါဒ် တရားတော်၊ ဓမ္မစကြာတရားတော် စသည်များကို ကြေးပြား၊ ရွှေပြား စသည်တို့၌ ရေးသားကာ ဌာပနာသွင်း၍ တည်ထားသော စေတီသည် **ဓမ္မစေတီ** မည်၏။

၅။ ကျောက်တုံး၊ ကျောက်ဖျာ စသည်များ၌ မြတ်စွာဘုရား နှင်းချတော်မူထားသော ခြေတော်ရာများသည် **ပါဒစေတီ**မည်၏။

(ဥပရိပဏ္ဏာသ ပုဏ္ဏောဝါဒသုတ် အဋ္ဌကထာ = ၂၃၉)

ဤစေတီ(၃)မျိုး၊ စေတီ(၅)မျိုးတို့သည် လူပြည်၌ ရှိနေကြပေသည်။ လူပြည်၌ ရှိနေကြသော ဤစေတီ(၃)မျိုး၊ ဤစေတီ(၅)မျိုးတို့ကို ရည်မှန်း၍လည်း တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီးများဖြင့် ပူဇော်ကြရပေသည်။

ဤကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့မှာ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ရှိနေကြသော စေတီတော်များကို ရည်မှန်း၍ ဆီမီးပူဇော်ကြရာတွင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့ ကြည်ညိုသော စိတ်ဓာတ်များဖြစ်အောင် နလုံးသွင်း၍ ပူဇော်ကြရပေသည်။ သက်တော်ထင်ရှား မြတ်စွာ

www.dhammadownload.com

ဘုရားကို ပူဇော်ရသကဲ့သို့ ကြည်ညိုသော စိတ်ဓာတ်များဖြစ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာကြသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသောစိတ်ကို ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ဝိပဿနာ ရှုကြရပေသည်။ ရှုမှတ်လိုက်သောအခါ နာမရူပပရိစ္ဆေဒဉာဏ် အဆင့်သို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် ဝမ်းသာနေသည်ကတခြား၊ ထိုင်နေတဲ့ ရုပ်ကိုယ်ကြီးကတခြားဟု သိသွားကြမည် ဖြစ်ပေသည်။ ထိုင်နေတဲ့ ရုပ်ကိုယ်ကြီးက ဘာမှမသိတတ်တဲ့ ရုပ်တရား၊ ဝမ်းသာနေသောစိတ်က သိတတ်တဲ့ နာမ်တရားဟု ရုပ်နှင့်နာမ်ကွဲ၍ သိသွားကြမည် ဖြစ်ပေသည်။ ပစ္စယပရိဂ္ဂဟဉာဏ်အဆင့်သို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု မှတ်လိုက်သောအခါ ဝမ်းသာမှုကလေးများက ရှေ့က ပေါ်ပေါ်နေ၍ မှတ်သိစိတ်က နောက်မှ မှတ်နေရတာပဲဟု သိသွားကြမည် ဖြစ်ပေသည်။ ရှေ့က ပေါ်ပေါ်ပေးနေသည့် ဝမ်းသာမှုကလေးများက အကြောင်းတရား၊ နောက်မှ မှတ်သိနေတာက အကျိုးတရားဟု အကြောင်းနှင့်အကျိုးကို သိသွားကြမည် ဖြစ်ပေသည်။

သမ္မသနဉာဏ်အဆင့်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ရှုမှတ်လိုက်သောအခါ ဝမ်းသာမှုများသည် တိုး၍တိုး၍ ဝမ်းသာသွားသည်နှင့်

www.dhammadownload.com

ပြန်၍ပြန်၍ လျော့လျော့သွားသည်များကို တွေ့ကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ တိုးလိုက်၊ လျော့လိုက် ဖြစ်နေခြင်းသည် မမြဲခြင်း = အနိစ္စသဘောပင်ဟု သုံးသပ်ကာ သိသွားကြမည် ဖြစ်ပေသည်။ ဥဒယဗ္ဗယဉာဏ်အဆင့်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ရှုမှတ်လိုက်ရသောအခါ ဝမ်းသာနေသော စိတ်များသည် အလျင်အမြန် ဖြစ်ပေါ်လာပြီးလျှင် အလျင်အမြန် ပျက်သွားကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။

ဝမ်းသာမှုများသည် မမြဲခြင်း = အနိစ္စ၊ ဖြစ်ပျက်မှုများက အလွန်လျင်မြန်သဖြင့် နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း = ဒုက္ခ၊ အလျင်အမြန် နှိပ်စက်နေခြင်းဟူသော ဆင်းရဲခြင်းဒုက္ခကို ဘယ်လိုမှ ကာကွယ်လို့မရ၊ သူ့သဘောအတိုင်း ဖြစ်ပျက်နှိပ်စက်နေခြင်းဖြစ်၍ အစိုးမရခြင်း = အနတ္တဟု သိမြင်ကြပြီးလျှင် မိမိတို့ပါရမီအားလျော်စွာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများဖြစ်ကြ၍ နိဗ္ဗာန်သို့ ရောက်သွားကြမည် ဖြစ်ပေသည်။ ဤကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့၌ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့တွင် ရှိနေကြသည့် စေတီတော်များကို ရည်မှန်း၍ ဆီမီးပူဇော်ပြီးသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်သောစိတ်ကို ဝိပဿနာရှုမှတ်ပါက မိမိတို့၏ ပါရမီအားလျော်စွာ သောတာပန်၊

www.dhammadownload.com

သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများဖြစ်ကြ၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသွားနိုင်ကြမည်ဖြစ်သောကြောင့် တန်ဆောင်မုန်းလသည် မြတ်နိုးဖွယ်ရာ ကောင်းလှပါပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

www.dhammadownload.com

တန်ဆောင်မုန်းဟု ခေါ်ဆိုရခြင်းအကြောင်းနှင့်
တန်ဆောင်မုန်းလတွင် ပူဇော်ထိုက်သော
စေတီအမျိုးမျိုးတရားတော်

(အကျယ်)

ဒီနေ့ ၁၃၆၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့မှာ ဟောကြားမည့်တရားတော်က တန်ဆောင်မုန်းဟု ခေါ်ဆိုရခြင်း အကြောင်းနှင့် တန်ဆောင်မုန်းလမှာ ပူဇော်ထိုက်တဲ့ စေတီအမျိုးမျိုးတို့ကို ဟောပါမယ်။

၁-နံပါတ် တန်ဆောင်မုန်းလို့ ခေါ်ဆိုရခြင်းအကြောင်း၊ ၂-နံပါတ်က တန်ဆောင်မုန်းလ၌ ပူဇော်ထိုက်သော စေတီအမျိုးမျိုး၊ ၃-နံပါတ်က စေတီများကို လှူဒါန်းရခြင်းအကျိုးလို့ သုံးပိုင်းထားပြီး ဟောပေးပါမယ်။ ၁-နံပါတ် တန်ဆောင်မုန်းဟု ခေါ်ရခြင်းအကြောင်း၊ ၂-နံပါတ်က တန်ဆောင်မုန်းလ၌ ပူဇော်ထိုက်သော စေတီအမျိုးမျိုးနှင့် ၃-နံပါတ်က လှူဒါန်းပူဇော်ရခြင်းအကျိုးလို့ ဘယ်နမျိုးဟောပါမလဲ ... ၃-မျိုးဟောပါမယ်ဘုရား။

www.dhammadownload.com

တန်ဆောင်မုန်းလို့ခေါ်ရခြင်း

တန်ဆောင်မုန်းဟု မြန်မာဝေါဟာရ အတော်အပြောများတယ်။ တန်ဆောင်မုန်းလရောက်ရင် ကထိန်ခင်းရမယ်၊ ဘုရားတွေ မီးပူဇော်ရမယ်။ တန်ဆောင်မုန်း တန်ဆောင်မုန်းဟု ဝေါဟာရ အတော်အပြောမများပါဘူးလား ... များပါတယ်ဘုရား။ ဘာကြောင့် တန်ဆောင်မုန်းဟု ခေါ်ရပါသလဲလို့ မေးလာခဲ့သော် ဖြေနိုင်ရမယ်။ ဖြေနိုင်လို့ရှိရင် သာသနာတော်အတွက် အကျိုးများပါတယ်။ မဖြေနိုင်ရင်တော့ သာသနာတော်အတွက်လည်း အကျိုးမများဘူး၊ အထင်အမြင်လည်း သေးသွားတတ်ပါတယ်။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေ ကိုယ်ပြောတဲ့ဝေါဟာရလည်း သေသေချာချာမသိပါလားလို့ ချီးမွမ်းတာလား၊ ကဲ့ရဲ့တာလား ... ကဲ့ရဲ့တာပါဘုရား။ ကဲ့ရဲ့သွားရင် သူတို့လည်း ကုသိုလ်မရတော့ဘူး၊ သာသနာတော်အတွက်လည်း အကျိုးမများတော့ဘူး။ အခုတရားနာပုဂ္ဂိုလ်တွေ ဖြေနိုင်ဖို့ရာ ဟောကြားပေးပါ့မယ်။

တန်ဆောင်မုန်းမှာ သုံးပုဒ်ရှိပါတယ်၊ တန်-ကတစ်ပုဒ်၊ ဆောင်-ကတစ်ပုဒ်၊ မုန်း-ကတစ်ပုဒ်။ ခုခေတ်တော့ မုန်း-လို့ဆိုပါတယ်။ ရှေးခေတ်အခါက မှုန်း-လို့ဆိုတယ်။ ခေတ်တွေပြောင်းသွားတော့ မုန်း-ဖြစ်သွားတယ်၊ တန်ဆောင်မှုန်းမှာ တန်-ကတစ်ပုဒ်၊ ဆောင်-ကတစ်ပုဒ်၊ မှုန်း-ကတစ်ပုဒ်။ တန်-က တန်ခိုးအရောင်

www.dhammadownload.com

ကဲ့သို့ မီးအရောင်၊ တန်-ဆိုတာ တန်ခိုးကလာတဲ့ တန်ခိုး၊ တန်ခိုးအရောင်ကဲ့သို့ မီးအရောင်။ ဆောင်-ဆိုတာ ဆောင်ယူခြင်း။ မူန်း-က အမှောင်ကို ချေမှုန်းခြင်း။ မူန်းက ဘာဖြစ်တယ် ... အမှောင်ကို ချေမှုန်းခြင်းပါဘုရား။

တန်-က တန်ခိုးကဲ့သို့ မီးအရောင်၊ ဆောင်-ဆိုတာ ဆောင်ယူခြင်း၊ မူန်း-က အမှောင်ကို ချေမှုန်းခြင်းဆိုတဲ့အဓိပ္ပါယ်။ မီးအရောင်ဆောင်၍ အမှောင်ကို ချေမှုန်းတတ်သောကြောင့် တန်ဆောင်မုန်း။

ဆောင်ပုဒ်။ ။ မီးရောင်ဆောင်ကာ၊ မှောင်ပျောက်ရာ၊ ခေါ်ပါတန်ဆောင်မုန်း။

ဆီးမီးတွေထွန်းကြတာ၊ ကျောင်း ဘုရား စေတီတွေမှာ မီးတွေဆောင်ယူပြီးထွန်းတာ၊ မီးအရောင်ဆောင်ကာ အမှောင်တွေ ပျောက်ကင်းသွားတဲ့လကို ဘာလလို့ခေါ်ပါသလဲ ... တန်ဆောင်မုန်းလဟု ခေါ်ပါတယ်ဘုရား။ ရှေးပညာရှိတွေ စိစစ်ခဲ့တဲ့အဓိပ္ပါယ်ပါပဲ။ တန်ဆောင်မုန်းလအကြောင်းဟောတာ ပြည့်စုံသွားပါပြီ။

www.dhammadownload.com

စေတီအမျိုးမျိုး

တန်ဆောင်မုန်းလမှာ စေတီအမျိုးမျိုးတွေ ပူဇော်ကြတဲ့ အကြောင်း၊ စေတီအမျိုးမျိုးတွေအကြောင်းကို တရားနာပရိသတ်များ၊ ယောဂီဟောင်းများတော့ မကြာခဏ နာကြားဖူးကြပါတယ်။ နာဖူးထပ်မံပါပဲ။

သာရတ္ထဒီပနီဋီကာ၌ စေတီ ၃-မျိုး

စေတီအမျိုးမျိုးရှိရာတွင် သာရတ္ထဒီပနီဋီကာမှာလာတဲ့ စေတီ ၃-မျိုးမှာ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီလို့ ဋီကာမှာလာတဲ့ စေတီ ၃-မျိုး။ ပရိဘောဂစေတီဆိုတာ မြတ်စွာဘုရား၏ အသုံးအဆောင်တွေ။ သင်္ကန်းတော်တွေ၊ ထီးတော်တွေ၊ ဖိနပ်တော်တွေ၊ ယပ်တောင်တော်တွေ။ မြတ်စွာဘုရား၏ သင်္ကန်းစတဲ့ အသုံးအဆောင်များကို ထည့်သွင်းထားသော စေတီကိုတော့ ပရိဘောဂစေတီ။ ပရိဘောဂဆိုတာ အသုံးအဆောင်။ မြတ်စွာဘုရား၏ အသုံးအဆောင်တွေကို ဌာပနာသွင်းပြီး တည်ထားကိုးကွယ်ရတဲ့စေတီကို ဘာစေတီလို့ခေါ်ပါသလဲ ... ပရိဘောဂစေတီလို့ခေါ်ပါတယ်ဘုရား။

(သာရတ္ထ-၁/၁၇၂)

www.dhammadownload.com

ဆောင်ပုဒ်။ ။ အသုံးအဆောင်များ၊ ထည့်သွင်းထား၊ ခေါ်ငြားပရိဘောဂမည်။

မြတ်စွာဘုရား၏ သင်္ကန်းတော်စသည့် မြတ်စွာဘုရား၏ အသုံးအဆောင်တွေကို ဌာပနာသွင်းပြီးတော့ ကိုးကွယ်ဆည်းကပ်ရတဲ့စေတီကို ဘာစေတီလို့ခေါ် ... ပရိဘောဂစေတီလို့ ခေါ်ပါတယ်ဘုရား။ ဗောဓိပင်ကလည်း မြတ်စွာဘုရား၏ အသုံးအဆောင်တစ်ခုပါပဲ။

ပရိဘောဂစေတီပြီးတော့ ဓာတုစေတီ။ ဓာတ်တော် အမျိုးမျိုး၊ အံတော်ဓာတ်၊ သွားတော်ဓာတ်၊ ဆံတော်ဓာတ်တွေကို ထည့်သွင်းပြီး ကိုးကွယ်ရတဲ့စေတီကို ဓာတုစေတီ။ ဘာစေတီပါလဲ ... ဓာတုစေတီပါဘုရား။ ဓာတ်တော်တွေကို ဌာပနာသွင်းပြီး ကိုးကွယ်ရတဲ့စေတီကိုတော့ ဓာတုစေတီ။

ဆောင်ပုဒ်။ ။ ဓာတ်တော်အများ၊ ထည့်သွင်းထား၊ ခေါ်ငြားဓာတုမည်။

အံတော်ဓာတ်၊ သွားတော်ဓာတ်၊ ဆံတော်ဓာတ် ပကတိသော ဓာတ်တော်တွေကို ဌာပနာသွင်းပြီး ပူဇော်ရတဲ့စေတီကိုတော့ ဓာတုစေတီ။

www.dhammadownload.com

ဓာတုစေတီပြီးတော့ ဓမ္မစေတီ။ ဓမ္မစေတီဆိုတာ မြတ်စွာဘုရားရဲ့တရားတော်တွေ။ ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ပဋ္ဌာန်းတရားတော် စသည်ဖြင့် ရှေ့ပြား၊ ငွေပြားတွေပေါ်မှာ ရေးခြစ်ပြီးတော့ ဌာပနာသွင်းထားပြီး ကိုးကွယ်ရတဲ့စေတီကိုတော့ ဓမ္မစေတီ။ တရားတော်ကို ဌာပနာသွင်းထားတဲ့အတွက်ကြောင့် ဘာစေတီလို့ခေါ် ... ဓမ္မစေတီလို့ခေါ်ပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ တရားတော်များ၊ ထည့်သွင်းထား၊
ခေါ်ငြားဓမ္မမည်။

ရှေ့ပြား၊ ငွေပြားတွေပေါ်မှာ ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ပဋ္ဌာန်းတရားတော် စသည်များကို ရေးခြစ်ပြီးတော့ စေတီအတွင်း ဌာပနာသွင်းပြီးထားတဲ့စေတီကို ဘာစေတီလို့ခေါ် ... ဓမ္မစေတီလို့ခေါ်ပါတယ်ဘုရား။ သာရတ္ထဒီပနီဋီကာမှာလာတဲ့ စေတီ ၃-မျိုး အကြောင်းဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ အကျဉ်းချုပ်ဆောင်ပုဒ်ကလေးပါ ဆိုထားရအောင်။

ဆောင်ပုဒ်။ ။ ပရိ,ဓာတု၊ ဓမ္မဟု၊ သုံးခုစေတီပြား။

ပရိ-က ပရိဘောဂစေတီ၊ ဓာတု-က ဓာတုစေတီ၊ ဓမ္မ-က ဓမ္မစေတီဟု ဘယ်နှမျိုးပြားပါသလဲ ... ၃-မျိုးပြားပါတယ်

www.dhammadownload.com

ဘုရား။ သာရတ္ထဒီပနီဋီကာမှာလာတဲ့ စေတီ ၃-မျိုးဟောတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ခုဒ္ဒကပါဋ္ဌ စေတီ ၃-မျိုး

ယခု ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာမှာလာတဲ့ စေတီ ၃-မျိုး ဟောကြားပါတော့မယ်။ ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာမှာလာတဲ့ စေတီ ၃-မျိုးက ၁-နံပါတ်က ပရိဘောဂစေတီ၊ ၂-နံပါတ်က ဥဒ္ဒိဿက စေတီ၊ ၃-နံပါတ်က ဓာတုစေတီပါပဲ။ နှစ်မျိုးတော့ တူနေတယ်၊ တစ်မျိုးမတူဘူး။

၁-နံပါတ် ပရိဘောဂစေတီကတော့ ဦးကာမှာ ဖွင့်ပြထားတဲ့အတိုင်း မြတ်စွာဘုရား၏ သင်္ကန်းတော်စတဲ့ အသုံးအဆောင်များကို ဌာပနာသွင်းပြီး တည်ထားတဲ့စေတီကိုတော့ ပရိဘောဂစေတီ။ အသုံးအဆောင်များကို ဌာပနာသွင်းပြီး တည်ထားတဲ့စေတီဖြစ်တဲ့အတွက်ကြောင့် ဘာစေတီပါလဲ ... ပရိဘောဂစေတီပါဘုရား။

ဆောင်ပုဒ်။ ။ အသုံးအဆောင်များ၊ ထည့်သွင်းထား၊ ခေါ်ခြားပရိဘောဂမည်။

www.dhammadownload.com

ပူဇော်ထိုက်သော စေတီအမျိုးမျိုး တရားတော် ၂၁

၂-နံပါတ်က ဥဒ္ဒိဿကစေတီဆိုတာ ကိုယ်တော်အစား ဆင်းတုရုပ်ပွားတွေကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိသကဲ့သို့ ရည်မှန်းပြီး ပူဇော်ရတဲ့စေတီကိုတော့ ဥဒ္ဒိဿကစေတီတဲ့။ သက်တော်ထင်ရှား မြတ်စွာဘုရားပုံတူ၊ ရုပ်တူ၊ ကြေးဆင်းတူ၊ ကျောက်ဆင်းတူ၊ သစ်သားဆင်းတုတွေကို ထုထားပြီးတော့ ကိုးကွယ်ရတဲ့စေတီကိုတော့ ဘာစေတီလို့ခေါ် ... ဥဒ္ဒိဿက စေတီလို့ခေါ်ပါတယ်ဘုရား။ တရားနာပရိသတ်များ အများဆုံး ပူဇော်နေတဲ့စေတီက ဘာစေတီလဲ ... ဥဒ္ဒိဿကစေတီပါဘုရား။ အခုသဒ္ဓမ္မရံသီရိပ်သာ သိမ်ဓမ္မာရုံကြီးမှာရှိတဲ့စေတီကို ဘာစေတီလဲလို့မေးရင် ... ဥဒ္ဒိဿကစေတီပါဘုရား။ သင်တို့အိမ်မှာ ဘာစေတီတွေများ ကိုးကွယ်နေကြသလဲလို့မေးရင် ဥဒ္ဒိဿက စေတီ ကိုးကွယ်တာများပါတယ်ဘုရားလို့ ဖြေရမှာပါပဲ။

ဆောင်ပုဒ်။ ။ ကိုယ်တော်အစား၊ ဆင်းရုပ်ပွား၊
ခေါ်ခြားဥဒ္ဒိဿကမည်။

သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ရုပ်ပွားဆင်းတုတော်ကို သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်းပြီး ကိုးကွယ်ရတဲ့စေတီကိုတော့ ဥဒ္ဒိဿကစေတီဆိုရပါမယ်။

www.dhammadownload.com

ဓာတုစေတီ။ ဓာတုစေတီဆိုတာ ဦးကာဆရာဖွင့်ပြထား သည့်အတိုင်း မြတ်စွာဘုရား၏ ဆံတော်ဓာတ်၊ မွေးတော်ဓာတ်၊ ပကတိသော ဓာတ်တော်မွေးတော်တို့ကို ဌာပနာသွင်းထားပြီး ပူဇော်ထားတဲ့စေတီကို ဘာစေတီလို့ခေါ် ... ဓာတုစေတီလို့ ခေါ်ပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ ဓာတ်တော်အများ၊ ထည့်သွင်းထား၊ ခေါ်ငြားဓာတုမည်။

ဤစေတီ ၃-မျိုးမှာ ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာမှာလာတဲ့ စေတီ ၃-မျိုးဖြစ်ပါသည်။

ဆောင်ပုဒ်အကျဉ်း။ ။ ပရိ,ဓာတု၊ ဥဒ္ဒိဿိဟု၊ အမည်ပြု၊ သုံးခုစေတီပြား။

ပရိ-က ပရိဘောဂစေတီ၊ ဓာတု-က ဓာတုစေတီ၊ ဥဒ္ဒိဿိ ဆိုတာ ... ဥဒ္ဒိဿကစေတီပါဘုရား။ ရှင်းသည်ထက်ရှင်းအောင် မေးပေးရတာဖြစ်တယ်။ တရားနာပြီးရင် တစ်ခါပြန်ဟောရဦးမှာ ဖြစ်လို့ ဟောနိုင်ပါ့မလား ... ဟောနိုင်ပါတယ်ဘုရား။ ဟောနိုင် ရင် **ဓမ္မဒါန** = အမြတ်ဆုံးအလှူ။

www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗဒါနံ = အလုံးစုံသောအလှူကို၊ **ဓမ္မဒါနံ** = တရားတည်းဟူသောအလှူသည်၊ **ဇိနာတိ** = အောင်၏ (ဝါ) အမြတ်ဆုံးဖြစ်၏။ **ကွတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

မိမိလည်းနာမယ်၊ တရားလည်း ပြန်လည်ဟောမယ်ဆိုရင် ကုသိုလ်ဘယ်နှမျိုးရနေမလဲ ... ကုသိုလ်နှစ်မျိုးရပါမယ်ဘုရား။ နာတာက ဓမ္မဿဝနကုသိုလ်၊ ပြန်ဟောတာက ဓမ္မဒေသနာကုသိုလ်။ နိဗ္ဗာန်ရောက်ကြောင်းတွေပဲ။ ဘာဝနာတရားတွေပဲ။ ဓမ္မဿဝနကလည်း ဘာဝနာတရားမှာ ထည့်သွင်းရတယ်။ ဓမ္မဒေသနာကလည်း ဘာဝနာတရားမှာ ... ထည့်သွင်းရပါတယ်ဘုရား။ ဘာဝနာဆိုတာ ဘယ်ကိုသွားတာလဲ ... နိဗ္ဗာန်ကိုသွားတာပါဘုရား။ အို - တရားနာပရိသတ်များ သဘောကျအောင် ဟောပေးနေရတာပဲ။

ဆောင်ပုဒ်။ ။ နာ,ဟော,ဖြောင့်စွာ၊ ဘာဝနာ၊
သွင်းကာယူရသည်။

www.dhammadownload.com

နာ-က ဓမ္မသဝန = တရားနာတာ။ ဘယ်ထဲမှာသွင်းရမလဲ ... ဘာဝနာမှာ ထည့်သွင်းရပါတယ်ဘုရား။ တရားနာပရိသတ်များ တရားနာနေတာ ဒါနလား၊ သီလလား၊ ဘာဝနာလားလို့မေးရင် ... ဘာဝနာပါဘုရား။ ဟော-ဆိုတာက ဓမ္မဒေသနာ။ ဓမ္မဒေသနာကလည်း ဘာဝနာထဲမှာ ထည့်သွင်းရတယ်။ ဒိဋ္ဌဇုကမ္မ = အယူကို ဖြောင့်စွာယူတာလည်း ဘယ်ထဲမှာ ထည့်သွင်းရသလဲ ... ဘာဝနာထဲမှာ ထည့်သွင်းရပါတယ်ဘုရား။ တရားနာပရိသတ်များ ဘာဝနာအလုပ်တွေလုပ်နေရတာ နေရာမကျဘူးလား ... နေရာကျပါတယ်ဘုရား။ ဘယ်ကိုသွားကြမှာလဲ ... နိဗ္ဗာန်ကိုသွားကြမှာပါဘုရား။

ဆောင်ပုဒ်။ ။ နာ,ဟော,ဖြောင့်စွာ၊ ဘာဝနာ၊ သွင်းကာယူရသည်။

နာ-က တရားနာတာ၊ ဟော-က တရားဟောတာ၊ ဖြောင့်စွာ-က ဒိဋ္ဌဇုကမ္မ = အယူကိုဖြောင့်စွာယူတာ။ ဘာဝနာထဲမှာ ထည့်သွင်းရတယ်။ ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာမှာလာတဲ့ စေတီသုံးမျိုး ဟောကြားတာလည်း အသင့်အတင့် ပြည့်စုံသွားပါပြီ။

www.dhammadownload.com

ဇာတ်အဋ္ဌကထာ၌စေတီ(၃)မျိုး

အခု ဇာတ်အဋ္ဌကထာမှာလာတဲ့ စေတီသုံးမျိုးကို ဟော ကြားပါတော့မယ်။

၁-နံပါတ်က သာရီရိကစေတီတော်၊
၂-နံပါတ်က ပရိဘောဂစေတီတော်၊
၃-နံပါတ်က ဥဒ္ဒိဿကစေတီတော်။

(ဇာတက-၆-၄/၂၂၉)

ပထမနံပါတ်တစ်ပဲ ကွဲပြားတယ်။ သာရီရိကစေတီတော်။ ကိုယ်တော်အတွင်းမှာရှိတဲ့ အစိတ်အပိုင်းမှန်သမျှ၊ မြတ်စွာဘုရား ရဲ့ ကိုယ်တော်အစိတ်အပိုင်းမှန်သမျှ သာရီရိကစေတီတော်လို့ ခေါ်တယ်။

ဆောင်ပုဒ်။ ။ ကိုယ်တော်တွင်းမှ၊ ဖြစ်သမျှ၊
ခေါ်ရသာရီရာ။

အသားတော်၊ အရိုးတော်၊ အံတော်၊ ကိုယ်တော်အတွင်း မှဖြစ်သမျှ သာရီရိကစေတီလို့ ဇာတ်အဋ္ဌကထာမှာ ဖွင့်ပြပါတယ်။

www.dhammadownload.com

၂-နံပါတ် ပရိဘောဂစေတီက အထက်ကစေတီတွေနဲ့ အတူတူပါပဲ။ မြတ်စွာဘုရားရဲ့ အသုံးအဆောင်များကို ဌာပနာသွင်းပြီး တည်ထားကိုးကွယ်တဲ့စေတီကို ဘာစေတီလို့ခေါ် ... ပရိဘောဂစေတီလို့ခေါ်ပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ အသုံးအဆောင်များ၊ ထည့်သွင်းထား၊
ခေါ်ငြားပရိဘောဂမည်။

မြတ်စွာဘုရားရဲ့ အသုံးအဆောင်များ ထည့်သွင်းပြီးတော့ ဌာပနာထား၊ တည်ထားကိုးကွယ်ရတဲ့စေတီကို ပရိဘောဂစေတီ။

ဥဒ္ဒိဿကစေတီကတော့ အထက်ကအတိုင်းပါပဲ။ မြတ်စွာဘုရားရဲ့ ရုပ်ပွားတော်တွေ၊ ကြွေးဆင်းတု၊ ကျောက်ဆင်းတု၊ သစ်သားဆင်းတုတော်တွေ တည်ထားပြီး မြတ်စွာဘုရားကို ရည်မှန်းပြီးတော့ ကိုးကွယ်ရတဲ့စေတီကိုတော့ ဘာစေတီလို့ခေါ် ... ဥဒ္ဒိဿကစေတီလို့ခေါ်ပါတယ်ဘုရား။ မြန်မာပြည်မှာ ဘာစေတီတွေ အများဆုံးပါလဲ ... ဥဒ္ဒိဿကစေတီတွေ အများဆုံးပါဘုရား။

ဆောင်ပုဒ်။ ။ ကိုယ်တော်အစား၊ ဆင်းရုပ်ပွား၊
ခေါ်ငြားဥဒ္ဒိဿကမည်။

www.dhammadownload.com

မြတ်စွာဘုရားရဲ့ ကိုယ်တော်ပုံတူပြုလုပ်ပြီးတော့ တည်ထားကိုးကွယ်ရတဲ့ စေတီများကိုတော့ ဥဒ္ဒိဿကစေတီလို့ ဆိုရပါတယ်။ ဇာတ်အဋ္ဌကထာမှာလာတဲ့ စေတီသုံးမျိုး အကျဉ်းချုပ် ဆောင်ပုဒ်ဆိုရအောင်။

ဆောင်ပုဒ်။ ။ သာရီ,ပရိ၊ ဥဒ္ဒိဿိဟု၊
အမည်ပြု၊ သုံးခုစေတီပြား။

သာရီရိကစေတီဆိုတာကတော့ မြတ်စွာဘုရားရဲ့ ကိုယ်တော်အတွင်းမှဖြစ်လာတဲ့ အစိတ်အပိုင်းမှန်သမျှ စေတီတည်ထားကိုးကွယ်တာကို သာရီရိကစေတီလို့ခေါ်တယ်။ ပရိဘောဂစေတီဆိုတာကတော့ မြတ်စွာဘုရား၏ အသုံးအဆောင်တွေ ဌာပနာသွင်းပြီး တည်ထားကိုးကွယ်တာ။ ဥဒ္ဒိဿကစေတီကတော့ မြတ်စွာဘုရားကိုယ်စား ရုပ်ပွားဆင်းတုတော်တွေကို မြတ်စွာဘုရားကဲ့သို့ ပကတိသောမြတ်စွာဘုရားကို အာရုံပြုပြီး ရည်မှန်းကိုးကွယ်ဆည်းကပ်ရတဲ့စေတီကို ဥဒ္ဒိဿကစေတီလို့ စေတီအမျိုးမျိုး ကွဲပြားကြသော်လည်း ပေါင်းလိုက်တဲ့အခါ သာရီရိကစေတီဟာလည်း ဓာတုစေတီထဲမှာ အကျုံးဝင်သွားပါတယ်။

ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿက စေတီ၊ သာရီရိကစေတီ ထည့်လိုက်ပါက စေတီ(၅)မျိုးဖြစ်သွား

www.dhammadownload.com

မယ်။ တူရာပေါင်းလိုက်ရင် (၄)မျိုးဖြစ်သွားမယ်။ သာရီရိကစေတီက ဓာတုစေတီထဲမှာဝင်သွားတော့ (၄)မျိုးပဲဖြစ်မယ်။

နောက်တစ်ခါ ပါဒစေတီ။ ပါဒစေတီဆိုတာ ခြေတော်ရာစေတီ။ အဲဒါကိုတော့ ဓမ္မပဒအဋ္ဌကထာ၊ ဥပရိပဏ္ဏာသအဋ္ဌကထာတွေမှာ ဖွင့်ပြထားတယ်။ မြတ်စွာဘုရား ခြေတော်ရာချခဲ့တဲ့စေတီတော်၊ စက်တော်ရာ ခြေတော်ရာကိုလည်း စေတီထဲမှာ ထည့်ရပါတယ်။

(ဓမ္မပဒ-ဋ္ဌ-၁/၁၂၉) (ဥပရိ-ဋ္ဌ/၂၃၉)

ဆောင်ပုဒ်။ ။ ခြေတော်ချရာ၊ ပူဇော်တာ၊ မှန်စွာပါဒမည်။

ပါဒဆိုတာ ပါဠိလို၊ မြန်မာလိုကျတော့ ခြေတော်ရာ။ ခြေတော်ရာချထားရာကို ပူဇော်ရတာ ပါဒစေတီဖြစ်တယ်။ ခုနက စေတီ(၅)မျိုးနှင့်ပေါင်းရင်တော့ (၆)မျိုးဖြစ်သွားတာပေါ့။ (၄)မျိုးနှင့်ပေါင်းရင်တော့ (၅)မျိုးဖြစ်တယ်။ အဲဒါ လူ့ပြည်မှာရှိနေတဲ့ စေတီတွေပဲ။ ဘယ်မှာရှိလဲ ... လူ့ပြည်မှာရှိနေပါတယ်ဘုရား။ လူ့ပြည်မှာ စေတီဘယ်နှမျိုးရှိသလဲမေးရင် ... (၅)မျိုးရှိပါတယ်ဘုရား။ တစ်နည်းအားဖြင့် (၆)မျိုးရှိတယ်။ သာရီရိကစေတီကိုယူလိုက်ရင် (၆)မျိုးရှိပါတယ်။ ပေါင်းယူလိုက်ရင် ဘယ်နှမျိုးလဲ

www.dhammadownload.com

... (၅)မျိုးပါဘုရား။ လူပြည်မှာရှိတဲ့စေတီတွေ ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

နတ်၊ ဗြဟ္မာပြည်၌စေတီရှိပုံ

ယခု နတ်ပြည်၊ ဗြဟ္မာပြည်မှာရှိတဲ့ စေတီတွေအကြောင်း ဟောကြားပါတော့မယ်။ နတ်ပြည်၊ ဗြဟ္မာပြည်မှာလည်း စေတီတွေရှိလား၊ မရှိဘူးလား ... ရှိပါတယ်ဘုရား။ ဘာစေတီလဲဆိုတော့ စူဠာမဏိစေတီ။ တာဝတိံသာနတ်ပြည်မှာ စူဠာမဏိစေတီရှိတယ်၊ အကနိဋ္ဌဗြဟ္မာပြည်မှာ ဒုဿစေတီရှိတယ်။ အဲဒီစေတီတော်တွေအကြောင်း ဟောကြားပေးပါတော့မယ်။

မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီး(၄)ပါးမြင်ပြီးတော့ တောမထွက်ပါဘူးလား ... တောထွက်ပါတယ်ဘုရား။ တောထွက်တော့ အနော်မာမြစ် တစ်ဖက်ကမ်းကိုရောက်တော့ ဆံတော်ကိုပယ်ပါတယ်။ ဆန္ဒအမတ်မောင်းနှင်တဲ့ ကဏ္ဍကမြင်းတော်ကိုစီး၊ ဆန္ဒအမတ်နှင့် ဘုရားအလောင်းနဲ့ ဘယ်နယောက်ပါလဲ ... သုံးယောက်ပါဘုရား။ အနော်မာမြစ် တစ်ဖက်ကမ်းကိုကူးပြီး ဆံတော်ကို ပယ်ရပါတယ်။

www.dhammadownload.com

အလောင်းတော်သိဒ္ဓတ္ထမင်းသားဟာ အနှော်မာမြစ်တစ်ဖက်ကမ်းကိုရောက်တဲ့အခါ လက်ယာလက်ဖြင့် သန်လျက်ကို ဆွဲကိုင်ပြီးတော့ လက်ဝဲလက်ဖြင့် မကိုင့်တော်နှင့်ဆံထုံးတော်ကိုကိုင်ပြီး ဆံတော်ကိုပယ်ဖြတ်လိုက်တယ်။ ပယ်ဖြတ်ပြီးတဲ့အခါ အဓိဋ္ဌာန်ပြုတယ်။ "မိမိဟာ တကယ်ဘုရားဖြစ်ထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်လို့ရှိရင် ဒီမကိုင့်တော်နှင့်ဆံထုံးတော်သည် ကောင်းကင်၌တည်နေပါစေ၊ ဘုရားမဖြစ်ထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်လျှင် မြေသို့ပြန်ကျပါစေ" လို့ အဓိဋ္ဌာန်ပြုလိုက်ပြီး မြှောက်တင်လိုက်တဲ့အခါ ဆံထုံးတော်နှင့်မကိုင့်တော်သည် တစ်ယူဇနာခန့်မှာ တည်ရှိနေတယ်။ ဘုရားဖြစ်ထိုက်တဲ့ပုဂ္ဂိုလ်လား၊ မဖြစ်ထိုက်တဲ့ပုဂ္ဂိုလ်လား ... ဘုရားဖြစ်ထိုက်တဲ့ပုဂ္ဂိုလ်ပါဘုရား။

မကိုင့်တော်နှင့်ဆံထုံးတော်သည် ကောင်းကင် တစ်ယူဇနာခန့်မှာတည်နေတော့ "မိမိဟာ ဘုရားဖြစ်ထိုက်တဲ့ပုဂ္ဂိုလ်ပဲလို့" သိပြီးလျှင် ရဟန်းဝတ်တော့မယ်ဟု ကြံစည်ပါတယ်။ "ဘုရားဖြစ်ထိုက်တဲ့ပုဂ္ဂိုလ်ဟာ ရဟန်းဝတ်ပြီးမှ ဘုရားဖြစ်နိုင်တယ်။ ရဟန်းဝတ်တော့မယ်ဆိုရင် လူဝတ်ကြောင်နဲ့ ကာသိတိုင်းဖြစ် ဒီတန်ဖိုးရှိတဲ့ ပစ္စည်းတွေနဲ့တော့မဖြစ်ဘူး။ ပရိက္ခရာရှစ်ပါးရှိမှဖြစ်မယ်လို့" ဒီလိုအကြံဖြစ်သွားတာကို ယဋိကာရဖြဟ္မာကြီးက သိသွားပြီးတော့ ပရိက္ခရာရှစ်ပါး လာ၍ဆက်ကပ်ပါတယ်။

www.dhammadownload.com

နတ်ပြည်၌စူဠာမဏိစေတီ

ဆံထုံးတော်နှင့်မကိုဋ်တော်ကိုတော့ သိကြားမင်းက ရွှေပန်းတောင်းနဲ့ခံယူပြီး တာဝတိံသာနတ်ပြည်မှာ စူဠာမဏိစေတီတည်ထားတယ်။ မကိုဋ်တော်နှင့်ဆံထုံးတော်ကို ဌာပနာသွင်းပြီးတော့ စေတီတည်ထားတယ်။ မကိုဋ်တော်ဆိုတော့ စူဠာမဏိမကိုဋ်ကျောက်ဖြစ်၍ စူဠာမဏိစေတီတော်လို့ အမည်ပေးထားပါတယ်။ ဉာဏ်တော်အမြင့်က သုံးယူဇနာမြင့်တယ်။ စူဠာမဏိစေတီတော် ဉာဏ်တော်အမြင့် ဘယ်လောက်မြင့်ပါသလဲ ... သုံးယူဇနာမြင့်ပါတယ်ဘုရား။ ဘယ်သူတည်ထားပါလဲ ... သိကြားမင်းပါဘုရား။

(ဇာတ်-၄-၁/၇၆)

ဆောင်ပုဒ်။ ။ စူဠာမဏိ၊ အမည်ရှိ၊ တည်ဘိဝတိသာ။

မြတ်စွာဘုရားရဲ့ ဆံထုံးတော်နှင့်မကိုဋ်တော်ကို ဌာပနာသွင်းပြီး တည်ထားတဲ့စေတီကို ဘာစေတီလို့ခေါ် ... စူဠာမဏိစေတီခေါ်ပါတယ်ဘုရား။ ဘယ်မှာတည်ရှိနေပါသလဲ ... တာဝတိံသာနတ်ပြည်မှာ တည်ရှိပါတယ်ဘုရား။ ရှင်းအောင်မေးရတာဖြစ်တယ်။

www.dhammadownload.com

ဆောင်ပုဒ်။ ။ ဉာဏ်တော်ပမာ၊ သုံးယူဇ၊
မှန်စွာမြင့် ပေသည်။

ဉာဏ်တော်အမြင့်ပမာဏက ဘယ်နယူဇနာပါလဲ ... သုံးယူဇနာပါဘုရား။ တစ်ယူဇနာကို ရှစ်မိုင်နှုန်းနှင့်မြောက်လိုက်ရင်တော့ နှစ်ဆယ့်လေးမိုင်အမြင့်ရှိတယ်။ တရားနာပရိသတ်များ အာရုံပြုပြီး ဖူးမြင်နိုင်ပါတယ်။ ပကတိမျက်စိနှင့်တော့ မမြင်နိုင်သေးဘူး။ တစ်နေ့ကျတော့ မြင်ချင်လည်းမြင်သွားမယ်။ တာဝတိံသာနတ်ပြည်ရောက်ရင်တော့ မဖူးရဘူးလား ... ဖူးရပါမယ်ဘုရား။ ဖူးရလို့ ပီတိတွေဖြစ်ပြီးတော့ တရားထိုင်မှတ်လိုက်ရင် တရားရမသွားနိုင်ဘူးလား ... ရသွားနိုင်ပါတယ်ဘုရား။ တရားရကြောင်း အထောက်အပံ့ကောင်းပါပဲ။ စေတီကို ပူဇော်ပြီးတဲ့အခါမှာလည်း ဝမ်းမြောက်ဝမ်းသာ ပီတိတွေဖြစ်လာရင် သူကိုကော ပြန်မရှုရပါဘူးလား ... ပြန်ရှုရပါတယ်ဘုရား။ ရှုရတယ်တဲ့။ စူဠဂမဏိစေတီတော်အကြောင်းဟောတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ဇြမ္ဘာပြည်၌ဒုဿစေတီ

ဒုဿစေတီ။ မြတ်စွာဘုရားအလောင်းတော်က အဲဒီလို အလွန်တန်ဖိုးရှိတဲ့ အဝတ်အထည်တွေနဲ့ ရဟန်းပြုလို့တော့ ရဟန်းဘဝမှာ မသင့်တော်ဘူးလို့ အကြံအစည်ဖြစ်သွားတာနဲ့ ကဿပ

www.dhammadownload.com

မြတ်စွာဘုရားလက်ထက်တော်က မိတ်ဆွေရင်းဖြစ်ခဲ့တဲ့ ယဒို ကာရဖြဟ္မာကြီးက ဘုရားအလောင်း၏ အကြံအစည်ကို သိပြီးတော့ ပရိက္ခရာရှစ်ပါးယူကာ ဆင်းလာပြီး ဘုရားအလောင်းကို ဆက်ကပ်လိုက်ပါတယ်။ ပရိက္ခရာရှစ်ပါးကိုဝတ်ရုံပြီး ရဟန်းအဖြစ်သို့ ရောက်သွားတယ်။ အဲဒီဝတ်လဲတော်တွေကို ယဒို ကာရဖြဟ္မာကြီးက အကန့်ဥဖြဟ္မာ့ပြည်သို့ ယူသွားပြီးလျှင် ဌာပနာသွင်းပြီး စေတီတည်ထားတယ်။ ဒုဿစေတီလို့ ခေါ်ရပါတယ်။ ဒုဿဆိုတာ ပုဆိုး။ ပုဆိုးဝတ်လဲတော်တွေကို အတွင်းက ဌာပနာသွင်းပြီး တည်ထားတဲ့စေတီကို ဘာစေတီလို့ခေါ် ... ဒုဿစေတီပါဘုရား။ ဒုဿစေတီတဲ့။ အကန့်ဥဖြဟ္မာ့ပြည်မှာ ရှိတယ်လို့ဆိုရပါတယ်။

(ဗုဒ္ဓဝံသ-၆/၃၃၃)

ဆောင်ပုဒ်။ ။ ဒုဿမည်ရှိ၊ စေတီ၏၊ တည်ဘိကနိဋ္ဌာ။

ဒုဿဆိုတဲ့စေတီကတော့ အကန့်ဥဖြဟ္မာပြည်မှာရှိတယ်။ ဘယ်သူတည်တာလဲဆိုလို့ရှိရင် ယဒိုကာရဖြဟ္မာကြီးက တည်ထားတာ။ ဥဏ်တော်အမြင့်ပမာဏက တစ်ဆယ့်နှစ်ယူဇနာ ရှိတယ်။

www.dhammadownload.com

ဆောင်ပုဒ်။ ။ ဉာဏ်တော်ပမာ၊ ဆယ့်နှစ်ဇာ၊
မှန်စွာမြင့် ပေသည်။

ဉာဏ်တော်အမြင့်ကတော့ တစ်ဆယ့်နှစ်ယူဇနာတောင် မြင့်တယ်တဲ့။ တရားနာပရိသတ်များ ဖူးမှဖူးနိုင်ပါ့မလား။ အကြောင်းညီညွတ်ရင်တော့ ဖူးရမှာပါပဲ။ ခုတော့ မှန်းဆပြီးတော့ ဖူးလို့မရပါဘူးလား ... ဖူးလို့ရပါတယ်ဘုရား။ အကယ်၍များ ဝိပဿနာတရားအားထုတ်လို့ အနာဂါမ်ဖြစ်သွားရင်တော့ အဲဒီဒုဿစေတီကြီးလည်း မဖူးရပါဘူးလား ... ဖူးရပါမယ်ဘုရား။ အကနိဋ္ဌဗြဟ္မာပြည်ရောက်သွားရင်တော့ ဖူးရပါမယ်။ အနာဂါမ်ဖြစ်မှပဲ ရောက်နိုင်တော့မယ်။ စေတီအမျိုးမျိုးတွေ ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ဇေတီများကို လှူရခြင်းအကျိုး

စေတီအမျိုးမျိုးတွေကို ပူဇော်ရတဲ့အခါ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့ ကြည်ညိုစိတ်တွေဖြစ်အောင် နှလုံးသွင်းပြီး ပူဇော်မယ်ဆိုလို့ရှိရင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့ အကျိုးကြီးမားပါတယ်လို့ အရှင်သာဂရမထေရ် ဟောကြားခဲ့ပါတယ်။

www.dhammadownload.com

သမေ စိတ္တပသာဒမိ၊ သမံ ပုညံ မဟဂ္ဂတံ။
တသ္မာ ထူပံ ကရိတ္ဝာန၊ ပူဇေဟိ ဇိနဓာတုယော။

စိတ္တပသာဒမိ = စိတ်၏ကြည်ညိုခြင်းသည်၊ **သမေ** = သက်တော်ထင်ရှား မြတ်စွာဘုရားနှင့်တူမျှသည်၊ **သတိ** = ရှိသော်၊ **မဟဂ္ဂတံ** = ကြီးမြတ်သည်၏အဖြစ်သို့ရောက်သော၊ **ပုညံ** = ကောင်းမှုသည်၊ **သမံ** = တူမျှ၏။ **တသ္မာ** = ထို့ကြောင့်၊ **ဇိနဓာတုယော** = မြတ်စွာဘုရား၏ဓာတ်တော်တို့ကို (ဝါ) ထူပါရုံစေတီတို့ကို၊ **ကရိတ္ဝာန** = ပြု၍၊ **ပူဇေဟိ** = ပူဇော်ပါလော့။ **ဣတိ** = ဤသို့၊ **အာယသ္မာ မဟာသာဂရတ္ထေရော** = အရှင်မဟာသာဂရမထေရ်သည်၊ **အဝေါစ** = ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။ **(အပဒါန-ပါ-၁/၁၆၈)**

သာဓု ... သာဓု ... သာဓုပါဘုရား။

စေတီတော်မြတ်တွေကို ပူဇော်တဲ့အခါ၊ လှူဒါန်းတဲ့အခါ သက်တော်ထင်ရှား မြတ်စွာဘုရားကို လှူဒါန်းရသကဲ့သို့ အကျိုးတရားတွေ ရရှိနိုင်ပါတယ်လို့ အရှင်သာဂရမထေရ် ဟောကြားခဲ့ပါတယ်။ အရှင်သာဂရမထေရ်ဆိုတာ ရဟန္တာပါပဲ။ အဋ္ဌကထာဆရာတွေ ဖွင့်ပြခဲ့တယ်။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့၊ လှူဒါန်းရသကဲ့သို့ စေတီတော်တွေကို ပူဇော်တဲ့အခါမှာ မိမိရဲစိတ်ကို ကြည်ညိုစိတ်တွေဖြစ်စေပြီး သက်တော်

www.dhammadownload.com

ထင်ရှား မြတ်စွာဘုရားပဲလို့ ကြည်ညိုစိတ်တွေ ဖြစ်စေလို့ရှိရင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့၊ လှူဒါန်း ရသကဲ့သို့ ကြီးမြတ်တဲ့အကျိုးတွေ ရရှိနိုင်ပါတယ်လို့ ဟောကြား တော်မူခဲ့တာ တရားနာပရိသတ်များ သဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။ သဘောကျစရာကြီးပါပဲ။ အဲဒါလေး မှတ်သားဖွယ်ကောင်းလို့ ဆောင်ပုဒ်လေးစီထားပါတယ်။ တရားနာ ပရိသတ်များ မှတ်သားလွယ်ကူနေရအောင် လိုက်ဆိုကြပါ။

ဆောင်ပုဒ်။ ။ စေတီတော်အား၊ လှူငြားပါလျှင်၊
သက်တော်ထင်ရှား၊ ဘုရားတူပင်၊
ကြည်ညိုစိတ်ထား၊ တူငြားပါလျှင်၊
အကျိုးရ၊ မုချတူညီပင်။

အိမ်တွင်းတရားဟောပုံ

တရားနာပရိသတ်များ သိပြီးတဲ့အပြင် တရားလည်း မဟောရပါဘူးလား ... ဟောရပါတယ်ဘုရား။ တရားဟောတယ် ဆိုတာလည်း ယခုလို ပလ္လင်ပေါ်ကနေပြီးတော့ ပရိသတ်များစွာ ကိုတရားဟောမှ တရားဟောတယ်လို့ မဆိုနိုင်ပါဘူး။ အိမ်တွင်း တရားလေးဟောတာလည်း တရားဟောတာပါပဲ။ အဋ္ဌကထာ

www.dhammadownload.com

ဆရာတွေက တရားဟောခြင်းတစ်မျိုးပါပဲလို့ ဆိုပါတယ်။ အိမ်တွင်းတရားကိုတော့ ဟောတတ်ရမယ်။ တရားနာပရိသတ်များ ဟောတတ်ပါရဲ့လား ... ဟောတတ်ပါတယ်ဘုရား။ ဟောတတ်အောင် မကြာခဏလည်း သင်ပေးနေရတာကိုး။ သင်ပေးရဲ့သား နဲ့မတတ်ရင်တော့ နေရာမကျပါ့မလား ... နေရာမကျပါဘုရား။ နေရာကျအောင် ထပ်ပြီးတော့ သင်ပေးရဦးမယ်။

ပါဠိ ဝါစေတိ။
ပါဠိ = ပါဠိကို၊ **ဝါစေတိ** = သင်ကြားပို့ချပေး၏။

ကလေးသူငယ်များ၊ ဘာသာခြားများ ပါဠိမဆိုတတ်ဘူး။ **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ** မဆိုတတ်သေးတဲ့ပုဂ္ဂိုလ် ရှိကောမရှိပါဘူးလား ... ရှိပါတယ်ဘုရား။ မသင်ပေးရပါဘူးလား ... သင်ပေးရပါမယ်ဘုရား။ သင်ပေးတာလည်း တရားဟောခြင်းတစ်မျိုးပါပဲ။ ဘာအလှူ လှူနေတာလဲ ... နိဗ္ဗာန်အလှူ လှူနေပါတယ်ဘုရား။ နိဗ္ဗာန်အလှူ သင်လှူတတ်ရဲ့လားလို့မေးရင် ... လှူတတ်ပါတယ်ဘုရား။ ဘယ်လိုလှူမှာလဲလို့မေးရင် ... တရားဟောမှာပါဘုရား။

ဆောင်ပုဒ်။ ။ ပါဠိဘာသာ၊ သင်ပေးတာ၊
မှန်စွာဟောသည်မည်။

www.dhammadownload.com

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ မဆိုတတ်သေးတဲ့ပုဂ္ဂိုလ်ကို သင်ပေးတာလည်း တရားဟောခြင်းတစ်မျိုးပါပဲ။

နောက်တစ်မျိုးက -

အဋ္ဌကထံ ကထေတိ။

အဋ္ဌကထံ = အဋ္ဌကထာကို၊ **ကထေတိ** = ဖွင့်ပြ၏။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ကလေးသူငယ်များ၊ ဘာသာခြားများက **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့** ဆိုတတ်သွားပြီ၊ ပါဠိဘာသာဆိုတတ်သွားပြီ။ ဘာအဓိပ္ပာယ်မှန်းလည်းမသိဘူး။ ဘာအဓိပ္ပာယ်မှန်းမသိတော့ မြန်မာဘာသာအဋ္ဌကထာ မဖွင့်ပြရပါဘူးလား ... ဖွင့်ပြရပါတယ်ဘုရား။။ **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**ဆိုတာ ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏လို့ ဆိုတာ၊ **ဓမ္မံ သရဏံ ဂစ္ဆာမိ**ဆိုတာ တရားကို ကိုးကွယ်ဆည်းကပ်ပါ၏လို့ဆိုတာ၊ **သံဃံ သရဏံ ဂစ္ဆာမိ**ဆိုတာ သံဃာတော်များကို ကိုးကွယ်ဆည်းကပ်ပါ၏လို့ဆိုတာဟု မြန်မာလိုအနက်

www.dhammadownload.com

လေးရော မဖွင့်ပြရပေဘူးလား ... ဖွင့်ပြရပါတယ်ဘုရား။ ဖွင့်ပြပေးရတာလည်း တရားဟောခြင်းတစ်မျိုးပါပဲ။

ဆောင်ပုဒ်။ ။ မြန်မာဘာသာ၊ ဖွင့်ပြတာ၊
မှန်စွာဟောသည်မည်။

ပုစ္ဆိတ ပဉ္ဉံ ဝိဿဇ္ဇေတိ။

ပုစ္ဆိတ ပဉ္ဉံ = မေးအပ်သောမေးခွန်းပုစ္ဆာကို၊ **ဝိဿဇ္ဇေတိ** = ဖြေဆိုပေး၏။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

မေးခွန်းတွေ ဖြေပေးခြင်းဟာလည်း တရားဟောခြင်းတစ်မျိုးပါပဲ။ ကလေးသူငယ်များက၊ ဘာသာခြားများက ဘုရားကို ကိုးကွယ်ဆည်းကပ်သဖြင့် ဘာအကျိုးများရနိုင်မလဲ၊ တရားကို ကိုးကွယ်ဆည်းကပ်သဖြင့် ဘာအကျိုးများရနိုင်မလဲ၊ သံဃာကို ကိုးကွယ်ဆည်းကပ်သဖြင့် ဘာအကျိုးများရနိုင်မလဲလို့ မမေးလာတတ်ပါဘူးလား ... မေးလာတတ်ပါတယ်ဘုရား။ မေးလာတဲ့အခါ မ၇ဖြေရပါဘူးလား ... ဖြေပေးရပါတယ်ဘုရား။ ဘယ်လိုများဖြေရမလဲဆိုတော့ အဖြေတွေကများလွန်းလို့ မဖြေတတ်ဘူးလို့

www.dhammadownload.com

ပြောရမှာလား။ ကလေးသူငယ်များနှင့်ကိုက်အောင် ဖြေပေးရမှာပေါ့။ သင် အပါယ်ငရဲမကျနိုင်ဘူး။ သင် ဘုရားကို ကိုးကွယ်ဆည်းကပ်၊ တရားကို ကိုးကွယ်ဆည်းကပ်၊ သံဃာကို ကိုးကွယ်ဆည်းကပ်လျှင် အပါယ်ငရဲမကျနိုင်ဘူးလို့ မဖြေပေးရပါဘူးလား ... ဖြေပေးရပါတယ်ဘုရား။ နေ့စဉ်နှင့်အမျှ သဘောကျအောင် ဖြေပေးရပါတယ်။ မှန်လည်းမှန်တယ်။ ဘုရား၊ တရား၊ သံဃာကို တကယ်ကိုးကွယ်နေလို့ရှိရင် အပါယ်ငရဲမကျနိုင်ဘူးဆိုတာ နိဗ္ဗာန်ကုသိုလ်ထဲမှာ ပါနေတာဖြစ်တယ်။

ဆောင်ပုဒ်။ ။ မေးခွန်းပုစ္ဆာ၊ ဖြေပေးတာ၊
မှန်စွာဟောသည်မည်။

ဒါလည်း တရားဟောခြင်းတစ်မျိုးပါပဲ။ ဘာအလှူပါလဲ ... နိဗ္ဗာန်အလှူပါဘုရား။

ကမ္မဋ္ဌာန် အာစိက္ခတိ။

ကမ္မဋ္ဌာန် = ကမ္မဋ္ဌာန်းတရားကို၊ **အာစိက္ခတိ** = ပြောကြားပေး၏။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

ဒါလည်း တရားဟောခြင်းတစ်မျိုးပါပဲ။ သဒ္ဓမ္မရံသီရိပ်သာမှာကျတော့ အဆောင်မှူးကြီးများ၊ ယောဂီဟောင်းကြီးများက ယောဂီအသစ်ကလေးများ ရောက်လာတဲ့အခါ တရားရှုမှတ်ပုံလေးများ မပြောပြရပါဘူးလား ... ပြောပြရပါတယ်ဘုရား၊ ဖောင်းတယ်၊ ပိန်တယ်လို့ ရှုမှတ်တဲ့အခါ ဝမ်းဗိုက်ပုံသဏ္ဌာန်ခြေပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ။ ဖောင်းတယ်လို့မှတ်လိုက်တဲ့အခါ တောင့်တင်းတွန်းကန်မှုတွေကို သိနိုင်သမျှသိအောင်စူးစိုက်၊ ပိန်တယ်လို့မှတ်လိုက်တဲ့အခါ လျော့သွား၊ လှုပ်သွားတဲ့သဘောကို သိနိုင်သမျှသိအောင်စူးစိုက်လို့ မပြောပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။

စက်လှေကြွတဲ့အခါ မျက်လွှာလေးချထားပါ၊ လေးတောင်မျှပဲကြည့်ပါ။ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့မှတ်တဲ့အခါ ရှေ့နေတဲ့သဘောလေး သိအောင်မှတ်ရမယ်လို့ မပြောပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။ ဘာလုပ်တာပါလဲ ... တရားဟောတာပါဘုရား။ ဘာအလှူပါလဲ ... နိဗ္ဗာန်အလှူပါဘုရား။ အို - သူတို့မှတ်တတ်သွားရင် ဉာဏ်တွေအဆင့်ဆင့်တက်သွားပြီးတော့ နိဗ္ဗာန်မရောက်သွားပါဘူးလား ... ရောက်သွားပါမယ်ဘုရား။

www.dhammadownload.com

ဆောင်ပုဒ်။ ။ ကမ္မဋ္ဌာန်းရှုရာ၊ သင်ပေးတာ၊ မှန်စွာဟောသည်မည်။

ကမ္မဋ္ဌာန်းတရားတွေ ရှုမှတ်တတ်အောင် သင်ပေးတာလည်း ဒါလည်း တရားဟောခြင်းတစ်မျိုးပါပဲ။

ဓမ္မဿဝနံ ကရောတိ။

ဓမ္မဿဝနံ = တရားနာခြင်းကို၊ **ကရောတိ** = ပြု၏။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

တရားနာကြပါ။ သဒ္ဓမ္မရံသီရိပ်သာမှာ သီတင်းနေ့တိုင်း နေ့လယ်(၂)နာရီမှာ တရားပွဲရှိပါတယ်။ နေ့စဉ်နေ့တိုင်းလည်း ယောဂီတွေကို တရားကြိုးခွေတွေ ဖွင့်ပြနေပါတယ်။ တရားနာလာပါလို့ မဖိတ်ရပါဘူးလား ... ဖိတ်ရပါတယ်ဘုရား။ ဘာလုပ်တာပါလဲ ... တရားဟောတာပါဘုရား။ ဘာအလှူကို လှူတာပါလဲ ... နိဗ္ဗာန်အလှူကို လှူနေတာပါဘုရား။ တရားနာပရိသတ်များ သဘောတွေကျနေတယ်။ တရားဟောတတ်အောင်လည်း တရားကို အထူးဂရုစိုက်ပြီးတော့ နာနေတာပဲ။ ကုသိုလ်စိတ်လား၊

www.dhammadownload.com

အကုသိုလ်စိတ်လား ... ကုသိုလ်စိတ်ပါဘုရား။ ကုသိုလ်စိတ်ပဲတဲ့။

ဆောင်ပုဒ်။ ။ တရားနာကြွပါ၊ ဖိတ်ကြားတာ၊
မှန်စွာဟောသည်မည်။

စေတီအမျိုးမျိုးတို့၌ လှူဒါန်းပြီးသောအခါ ဝမ်းသာခြင်းဖြစ်တာကို ဝိပဿနာရှုမှတ်ပုံ

စေတီအမျိုးမျိုးတွေ ပူဇော်ပြီးတဲ့အခါ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့ပဲ မိမိစိတ်များ ကြည်ညိုစိတ်တွေဖြစ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ လှူဒါန်းပြီးတဲ့အခါ၊ ပူဇော်ပြီးတဲ့အခါ ဝိပဿနာယောဂီဆိုတော့ အဲဒီဝမ်းမြောက်ဝမ်းသာတာကိုပဲ ပြန်ပြီးမရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ရှုရပုံကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြပေးတဲ့ဆောင်ပုဒ် အရင်ဆိုရအောင်။

ဆောင်ပုဒ်။ ။ စေတီယဒါန၊ ကျိုးများစွ၊ လှူလုဖူးလေပြီ။
ယခုတစ်ခါ၊ လှူရတာ၊ လွန်စွာဝမ်းသာသည်။
ဝမ်းသာခိုက်မှာ၊ ဖြစ်ပျက်သာ၊
ရှုကာသိရမည်။

www.dhammadownload.com

ဖြစ်ပျက်သိက၊ အနိစ္စ၊ ဒိဋ္ဌသိနိုင်သည်။
အနိစ္စမြင်တော့၊ ဒုက္ခထင်သည်၊
ဒုက္ခထင်တော့၊ အနတ္တမြင်သည်၊
အနတ္တမြင်၊ နိဗ္ဗာန်ခွင်၊
ပြေးဝင်ဆိုက်ရောက်သည်။

စေတီတွေကို သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ လှူဒါန်းရသည်။ ပူဇော်ရသည်။ စေတီတွေကို ပူဇော်တဲ့အခါ၊ ပန်းတွေ၊ ဆီမီး ရေချမ်းတွေ လှူဒါန်းရတဲ့အခါ သက်တော်ထင်ရှား မြတ်စွာဘုရားကို လှူဒါန်းရသကဲ့သို့ပဲ အကျိုးထူးတွေ ရနိုင်တယ်လို့ ဝမ်းမြောက်ဝမ်းသာနဲ့ လှူဒါန်းရသည်။ လှူဒါန်းပြီးတဲ့အခါလည်း ဝမ်းမြောက်ဝမ်းသာတွေ ဆက်ပြီးဖြစ်နေတော့ အဲဒီဝမ်းမြောက်ဝမ်းသာတာကိုပဲ ဝိပဿနာ ပြန်ပြီးတော့ရှုရမယ် ဆိုတဲ့အဓိပ္ပာယ်ပါပဲ။ မိမိတို့ ဝိပဿနာအခြေခံကောင်းတာနဲ့အမျှ တရားတွေ ထူးထူးခြားခြား တိုးတက်သွားနိုင်ပါတယ်။

နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ

နာမရူပပရိစ္ဆေဒဉာဏ်အဆင့် ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က စေတီမှာလှူဒါန်းပြီး ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်နေသည့်အခါ သင့်လျော်ရာအရပ်၌ ခေတ္တထိုင်ပြီးတော့ ဝမ်းသာ

www.dhammadownload.com

ဆောင်ပုဒ်။ ။ ကမ္မဋ္ဌာန်းရှုရာ၊ သင်ပေးတာ၊ မှန်စွာဟောသည်မည်။

ကမ္မဋ္ဌာန်းတရားတွေ ရှုမှတ်တတ်အောင် သင်ပေးတာလည်း ဒါလည်း တရားဟောခြင်းတစ်မျိုးပါပဲ။

ဓမ္မဿဝန် ကရောတိ။

ဓမ္မဿဝန် = တရားနာခြင်းကို၊ **ကရောတိ** = ပြု၏။ **ကတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

တရားနာကြပါ။ သဒ္ဓမ္မရံသီရိပ်သာမှာ သီတင်းနေ့တိုင်း နေ့လယ်(၂)နာရီမှာ တရားပွဲရှိပါတယ်။ နေ့စဉ်နေ့တိုင်းလည်း ယောဂီတွေကို တရားကြိုးခွေတွေ ဖွင့်ပြနေပါတယ်။ တရားနာလာပါလို့ မဖိတ်ရပါဘူးလား ... ဖိတ်ရပါတယ်ဘုရား။ ဘာလုပ်တာပါလဲ ... တရားဟောတာပါဘုရား။ ဘာအလှူကို လှူတာပါလဲ ... နိဗ္ဗာန်အလှူကို လှူနေတာပါဘုရား။ တရားနာပရိသတ်များ သဘောတွေကျနေတယ်။ တရားဟောတတ်အောင်လည်း တရားကို အထူးဂရုစိုက်ပြီးတော့ နာနေတာပဲ။ ကုသိုလ်စိတ်လား၊

www.dhammadownload.com

အကုသိုလ်စိတ်လား ... ကုသိုလ်စိတ်ပါဘုရား။ ကုသိုလ်စိတ်ပဲတဲ့။

ဆောင်ပုဒ်။ ။ တရားနာကြွပါ၊ ဖိတ်ကြားတာ၊
မှန်စွာဟောသည်မည်။

စေတီအမျိုးမျိုးတို့၌ လှူဒါန်းပြီးသောအခါ ဝမ်းသာခြင်းဖြစ်တာကို ဝိပဿနာရှုမှတ်ပုံ

စေတီအမျိုးမျိုးတွေ ပူဇော်ပြီးတဲ့အခါ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့ပဲ မိမိစိတ်များ ကြည်ညိုစိတ်တွေဖြစ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ လှူဒါန်းပြီးတဲ့အခါ၊ ပူဇော်ပြီးတဲ့အခါ ဝိပဿနာယောဂီဆိုတော့ အဲဒီဝမ်းမြောက်ဝမ်းသာတာကိုပဲ ပြန်ပြီးမရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ ရှုရပုံကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြပေးတဲ့ဆောင်ပုဒ် အရင်ဆိုရအောင်။

ဆောင်ပုဒ်။ ။ စေတီယဒါန၊ ကျိုးများစွ၊ လှူလုဖူးလေပြီ။
ယခုတစ်ခါ၊ လှူရတာ၊ လွန်စွာဝမ်းသာသည်။
ဝမ်းသာခိုက်မှာ၊ ဖြစ်ပျက်သာ၊
ရှုကာသိရမည်။

www.dhammadownload.com

ဖြစ်ပျက်သိက၊ အနိစ္စ၊ ဒိဋ္ဌသိနိုင်သည်။
အနိစ္စမြင်တော့၊ ဒုက္ခထင်သည်၊
ဒုက္ခထင်တော့၊ အနတ္တမြင်သည်၊
အနတ္တမြင်၊ နိဗ္ဗာန်ခွင်၊
ပြေးဝင်ဆိုက်ရောက်သည်။

စေတီတွေကို သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ လှူဒါန်းရသည်။ ပူဇော်ရသည်။ စေတီတွေကို ပူဇော်တဲ့အခါ၊ ပန်းတွေ၊ ဆီမီး ရေချမ်းတွေ လှူဒါန်းရတဲ့အခါ သက်တော်ထင်ရှား မြတ်စွာဘုရားကို လှူဒါန်းရသကဲ့သို့ပဲ အကျိုးထူးတွေ ရနိုင်တယ်လို့ ဝမ်းမြောက်ဝမ်းသာနဲ့ လှူဒါန်းရသည်။ လှူဒါန်းပြီးတဲ့အခါလည်း ဝမ်းမြောက်ဝမ်းသာတွေ ဆက်ပြီးဖြစ်နေတော့ အဲဒီဝမ်းမြောက်ဝမ်းသာတာကိုပဲ ဝိပဿနာ ပြန်ပြီးတော့ရှုရမယ် ဆိုတဲ့အဓိပ္ပာယ်ပါပဲ။ မိမိတို့ ဝိပဿနာအခြေခံကောင်းတာနဲ့အမျှ တရားတွေ ထူးထူးခြားခြား တိုးတက်သွားနိုင်ပါတယ်။

နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ

နာမရူပပရိစ္ဆေဒဉာဏ်အဆင့် ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က စေတီမှာလှူဒါန်းပြီး ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်နေသည့်အခါ သင့်လျော်ရာအရပ်၌ ခေတ္တထိုင်ပြီးတော့ ဝမ်းသာ

www.dhammadownload.com

တယ်၊ ဝမ်းသာတယ်လို့ မရှုရပါဘူးလား ... ရှုရပါတယ်ဘုရား။ နာမရူပပရိစ္ဆေဒဉာဏ်အဆင့်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က ဝမ်းသာတယ်၊ ဝမ်းသာတယ်လို့ရှုလိုက်ရင် ဝမ်းသာနေတာက တခြား၊ ထိုင်နေတဲ့ရုပ်ကိုယ်ကြီးက ... တခြားပါဘုရား။ ဝမ်းသာနေတာက အာရုံကိုသိတတ်တဲ့အတွက်ကြောင့် ရုပ်တရားလား၊ နာမ်တရားလား ... နာမ်တရားပါဘုရား။ ထိုင်နေတဲ့ရုပ်ကိုယ်ကြီးက အာရုံကိုမသိတတ်တဲ့အတွက်ကြောင့် ... ရုပ်တရားပါဘုရား။

သြော် - ဝမ်းသာနေတာ ငါမှမဟုတ်ဘဲ၊ နာမ်တရားနဲ့ ရုပ်တရားနှစ်ပါးပါလားလို့ ဒီလိုသိသွားတာ ဘာဉာဏ်ပါလဲ ... နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား။ နာမ-က နာမ်၊ ရူပ-က ... ရုပ်ပါဘုရား။ ပရိစ္ဆေဒ-က ... ပိုင်းခြားတာပါဘုရား။ ဉာဏ-က သိတာပါဘုရား။ နာမရူပပရိစ္ဆေဒဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က အဲဒီလိုသိတာများပါတယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က ဝမ်းသာတယ်၊ ဝမ်းသာတယ်လို့ရှုလိုက်ရင် ဝမ်းသာနေတာတွေက ရှေ့က ပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်မှ လိုက်လိုက်ပြီးတော့ မှတ်နေရတာပါပဲ။ ဝမ်းသာနေတာရှိလို့ မှတ်သိ

www.dhammadownload.com

စိတ်တွေ ဖြစ်နေတာပဲ။ ဝမ်းသာနေတာက အကြောင်းတရား၊ မှတ်သိစိတ်က ... အကျိုးတရားပါဘုရား။ အကျိုးတရားပဲလို့ အဲဒီလိုသိသွားတာ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က အဲဒီလိုသိသွားတာများပါတယ်။ ပစ္စယပရိဂ္ဂဟဉာဏ် ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်များကို အဋ္ဌကထာဆရာများက စူဠသောတာပန်ပဲလို့ သတ်မှတ်ပေးပါတယ်။

ကျွမိနာ ပန ဉာဏေန၊ သမန္နာဂတော ဝိပဿကော၊
ဗုဒ္ဓသာသနေ၊ လဒ္ဓဿသော လဒ္ဓပတိဋ္ဌော။
နိယတဂတိကော၊ စူဠသောတာပန္နောနာမ ဟောတိ။

ကျွမိနာ ပန ဉာဏေန = ဤသို့အကြောင်းနှင့် အကျိုးကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်နှင့်၊ **သမန္နာဂတော** = ပြည့်စုံသော၊ **ဝိပဿကော** = ဝိပဿနာတရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ **ဗုဒ္ဓသာသနေ** = မြတ်စွာဘုရား၏သာသနာတော်မြတ်၌၊ **လဒ္ဓဿသော** = ရအပ်သော သက်သာရာရှိသည်ဖြစ်၍၊ **လဒ္ဓပတိဋ္ဌော** = ရအပ်သော ထောက်ရာတည်ရာရှိသည်ဖြစ်၍၊ **နိယတဂတိကော** = ကောင်းမြတ်သော သုဂတိဘဝမြဲသော၊ **စူဠသောတာပန္နောနာမ** = အငယ်စားသောတာပန်မည်သည်၊ **ဟောတိ** = ဖြစ်၏။ **ကျွတိ** = ဤသို့၊ **အဋ္ဌကထာ**

www.dhammadownload.com

စရိယော = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာ မသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်နေတဲ့ပုဂ္ဂိုလ်သည် မြတ်စွာဘုရားသာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပြီ ဖြစ်တယ်။ ဘယ်လိုဝါဒမျိုးတွေနဲ့ ဟောဟောပြောပြော မတုန်လှုပ်တော့ပါဘူး။ အကြောင်းနဲ့အကျိုးပဲ။ အကြောင်းကောင်းရင် အကျိုးကောင်းတယ်၊ အကြောင်းဆိုးရင် အကျိုးဆိုးတယ်လို့ ကိုယ်တိုင်ဆုံးဖြတ်ထားပြီးဖြစ်တယ်။ အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုဒိဋ္ဌိတို့ဖြင့် ဘယ်လောက်ပဲ အဟောကောင်းကောင်း၊ အပြောကောင်းကောင်း ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က မတုန်လှုပ်တော့ပါဘူး။ မြတ်စွာဘုရားသာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပြီဖြစ်တယ်။ သက်သာရာရသွားပြီဖြစ်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က အဲဒီလိုသိတာမျှားပါတယ်။ ဝမ်းသာနေတာက ရှေ့ကပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်မှ လိုက်၍လိုက်၍ မှတ်နေရတာပဲလို့ အဲဒီလိုသိသိသွားပါတယ်။

www.dhammadownload.com

သမ္မသနဉာဏ်ဖြစ်ပုံ

သမ္မသနဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်များကျတော့ ဝမ်းသာတယ်၊ ဝမ်းသာတယ်လို့ မှတ်လိုက်ရင် ဝမ်းသာတာလေးက ပိုပိုပြီးတော့လည်း ဝမ်းသာသွားတယ်၊ ပြန်ပြန်ပြီးတော့လည်း လျော့လျော့လာတာ သူမှာပိုထင်ရှားတယ်။ ပိုလည်း ဝမ်းသာတယ်၊ ပြန်လည်းလျော့နေတယ်လို့ ဒီလိုသိတော့ မြဲလို့လား၊ မမြဲလို့လား ... မမြဲလို့ပါဘုရား။ မမြဲပါလား။ မမြဲပါလားဆိုတာ ဗမာလို၊ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။ အနိစ္စလို့ သုံးသပ်ပြီး သိတဲ့ဉာဏ်ကို ဘာဉာဏ်လို့ခေါ် ... သမ္မသနဉာဏ်လို့ ခေါ်ပါတယ်ဘုရား။ သမ္မသနဉာဏ် ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်က အဲဒီလိုသိတာမျှားပါတယ်တဲ့။

ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံ

ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ်ကျတော့ ဝမ်းသာတယ်၊ ဝမ်းသာတယ်လို့ ရှုမှတ်လိုက်တဲ့အခါ ဝမ်းသာတာလေးတွေက ပေါ်ပြီးတာနဲ့ပျောက်၊ ပေါ်ပြီးတာနဲ့ပျောက်။ ပေါ်တာကဖြစ်၊ ပျောက်ပျောက်သွားတာက ... ပျက်ပါဘုရား။ ဖြစ်ပျက်ကိုမြင်သွားတယ်။ မြင်သွားတော့ ဝမ်းသာနေတာလည်း မမြဲပါလား။ မမြဲပါလားလို့ သိသွားကြပေသည်။ မမြဲပါလားဆိုတာ ဗမာလို၊ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။

www.dhammadownload.com

အနိစ္စအစစ်ကို မြင်သွားပြီ။ ပေါ်တာပျောက်တာတွေက အလွန်လျင်မြန်တော့၊ ဖြစ်တာပျက်တာတွေက အလွန်လျင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပါလား။ ဆင်းရဲပါလားဆိုတာ ဗမာလို၊ ပါဠိလိုကျတော့ ... ဒုက္ခပါဘုရား။ ဒုက္ခစစ်၊ ဒုက္ခအမှန်ကို သိသွားပြီဖြစ်တယ်။ ဒီလိုဖြစ်ပျက်နှိပ်စက်နေကြတဲ့ ဆင်းရဲဒုက္ခတွေကို ဘယ်လိုမျှားကာကွယ်လို့ ရပါလိမ့်မလဲ။ ဘယ်လိုမှ ကာကွယ်လို့မရဘူး။ သူသဘောအတိုင်း ဖြစ်ပျက်နှိပ်စက်နေတာပဲ။ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ ဗမာလို၊ ပါဠိလိုကျတော့ ... အနတ္တပါဘုရား။

ဤကဲ့သို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်အမြင်တွေ ပိုင်သွားတဲ့အခါ တရားနာပရိသတ်များ ဘယ်ရောက်သွားကြပါမလဲ ... နိဗ္ဗာန်သို့ ရောက်သွားကြပါမယ်ဘုရား။ ကိုယ့်သမာဓိဉာဏ်များ အခြေခံကောင်းဖို့၊ ဝိပဿနာဉာဏ်များ အခြေခံကောင်းဖို့သာ အဓိကဖြစ်တယ်။ ရှုစရာတွေကတော့ မများပါဘူးလား ... များပါတယ်ဘုရား။ ပေါ်ရာ၊ ထင်ရှားရာကို ရှုရမှာပဲဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြခဲ့တဲ့ ဆောင်ပုဒ်လေးပြန်ဆိုပြီး တရားအဆုံးသတ်ရအောင်။

www.dhammadownload.com

ဆောင်ပုဒ်။ ။ စေတီယဒါန၊ ကျိုးများစွ၊ လှူလှုဖူးလေပြီ။
ယခုတစ်ခါ၊ လှူရတာ၊ လွန်စွာဝမ်းသာသည်။
ဝမ်းသာခိုက်မှာ၊ ဖြစ်ပျက်သာ၊
ရှုကာသိရမည်။
ဖြစ်ပျက်သိက၊ အနိစ္စ၊ ဒိဋ္ဌသိနိုင်သည်။
အနိစ္စမြင်တော့၊ ဒုက္ခထင်သည်၊
ဒုက္ခထင်တော့၊ အနတ္တမြင်သည်၊
အနတ္တမြင်၊ နိဗ္ဗာန်ခွင်၊
ပြေးဝင်ဆိုက်ရောက်သည်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ စေတီအမျိုးမျိုးတရားတော်ကို နာကြားရသဖြင့် နာကြားရသည့်အတိုင်း လိုက်နာကျင့်ကြံပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သည့် နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရားပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

ပူဇော်ထိုက်သော စေတီအမျိုးမျိုး တရားတော် ၅၁

အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ၊
ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊
ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊
ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊
ရွက်ဆောင်နိုင်ကြပါစေ။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

www.dhammadownload.com

သိမ်အမျိုးမျိုး သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သိမ်ကို အထူးအလေးဂရုပြုကြပေသည်။ အချို့သော အရပ်ဒေသများတွင် သိမ်ထဲသို့ အမျိုးသမီးများ မဝင်ရဟု တားမြစ်ကာ အလေးဂရုပြုကြပေသည်။ လွန်ကဲသော အလေးဂရုပြုခြင်းသာ ဖြစ်ပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများကို သိထားမှသာ မှန်ကန်သော အလေးဂရုပြုခြင်း ဖြစ်ပေမည်။

ရဟန်းတော်တို့သည် လူများထက်ပို၍ သိမ်ကို အထူးအလေးဂရုပြုကြရပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများကို အထူးလေ့လာကြရပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများမှာလည်း များပြားလှပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများကို အကျဉ်းချုပ်သိထားပါက သာသနာအတွက်၊ မိမိတို့အတွက် အကျိုးများကြမည် ဖြစ်ပေသည်။

www.dhammadownload.com

သိမ်ဟူသော အမည်သည် သီမဟူသော ပါဠိမှ သက်ဆင်းဖြစ်ပေါ်လာသော အမည်ဖြစ်ပေသည်။ သီမဟူသော ပါဠိက အပိုင်းအခြားကို ဟောပါသည်။ တိုင်းပြည်၊ မြို့နယ်၊ ရပ်ရွာများ၏ နယ်ပယ်အပိုင်းအခြားကို သိရအောင် ကျောက်တိုင်စသည်တို့ဖြင့် ပိုင်းခြားသတ်မှတ်ထားသော အရပ်ဒေသကို ပါဠိလို သီမ(သိမ်)ဟု ခေါ်ရပါသည်။ ထို့အတူ ရဟန်းတော်တို့ ရဟန်းခံခြင်းစသော သံဃာ့ကိစ္စ(သံဃာ့ကံ)များ ပြုလုပ်ဖို့ရာ ပိုင်းခြားသတ်မှတ်ထားသော နေရာကို သီမ(သိမ်)ဟု ခေါ်ရခြင်း ဖြစ်ပေသည်။

ထိုသိမ်သည် အကျဉ်းချုပ်အားဖြင့် -

(၁) **နိဿယသီမ** = အခြေခံမှီရာဖြစ်သောသိမ်၊

(၂) **နိဿိတသီမ** = အခြေခံမှီရာ သိမ်ပေါ်တွင် ဖြစ်ပေါ်လာ၍ မှီတတ်သောသိမ် ဟူ၍ နှစ်မျိုးရှိပေသည်။

(၁) **နိဿယသီမ** = အခြေခံမှီရာဖြစ်သောသိမ်သည် -

(က) **ဂါမသီမ** = မြို့ရွာအပိုင်းအခြားသိမ်၊

(ခ) **အရညသီမ** = တောအပိုင်းအခြားသိမ်၊

(ဂ) **နဒီသီမ** = မြစ်အပိုင်းအခြားသိမ်၊

(ဃ) **သမူဒ္ဒသီမ** = ပင်လယ်သမုဒ္ဒရာအပိုင်းအခြားသိမ်၊

www.dhammadownload.com

(ဂ) **ဇာတဿရသီမ** = ရေအိုင်အပိုင်းအခြားသိမ်ဟူ၍ ငါးမျိုးရှိပေသည်။

(က) **ဂါမသီမ** = မြို့ရွာအပိုင်းအခြားသိမ်ဟူသည် -

အစိုးရမင်းများက အခွန်ကောက်ခံခြင်း စသည် ပြုလုပ်ရန်အတွက် မြို့ရွာနယ်မြေ သတ်မှတ်ပိုင်းခြားထားသော အရပ်ဒေသသိမ် ဖြစ်ပေသည်။ ဤဂါမသီမ = မြို့ရွာအပိုင်းအခြားသိမ်သည် မြတ်စွာဘုရားအမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်၊ အစိုးရမင်း၏အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ် ဖြစ်ပေသည်။

(ခ) **အရညသီမ** = တောအပိုင်းအခြားသိမ်ဟူသည် -

မြို့ရွာနယ်ပယ်မှလွတ်သော မြစ်အင်းအိုင်လည်းမဟုတ်သော ကုန်းမြေအရပ်သိမ် ဖြစ်ပေသည်။ ဤအရညသီမ = တောအပိုင်းအခြားသိမ်သည် မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသောသိမ် ဖြစ်ပေသည်။

(ဂ) **နဒီသီမ** = မြစ်အပိုင်းအခြားသိမ်ဟူသည် -

ရေစီးရေလာရှိသော မြစ်ချောင်းအမျိုးမျိုးသိမ် ဖြစ်ပေသည်။ ဤနဒီသီမ = မြစ်ချောင်းအပိုင်းအခြားသိမ်သည်လည်း

www.dhammadownload.com

မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသောသိမ် ဖြစ်ပေသည်။

(ဃ) **သမုဒ္ဒသီမ** = ပင်လယ်သမုဒ္ဒရာအပိုင်းအခြားသိမ်ဟူသည် -

အရပ်လေးမျက်နှာ၌ရှိသော အလွန်ကျယ်ပြန့်သည့် ပင်လယ်သမုဒ္ဒရာသိမ် ဖြစ်ပေသည်။ ဤသမုဒ္ဒသီမ = ပင်လယ်သမုဒ္ဒရာအပိုင်းအခြားသိမ်သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသောသိမ် ဖြစ်ပေသည်။

(င) **ဇာတဿရသီမ** = ရေအိုင်အပိုင်းအခြားသိမ်ဟူသည် -

လူတို့မတူးဖော်အပ်ပါဘဲ အယုတ်ဆုံး မိုးလေးလအတွင်း ရေရှိသော ရေအိုင်သိမ် ဖြစ်ပေသည်။ ဤဇာတဿရသီမ = ရေအိုင်အပိုင်းအခြားသိမ်သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ်ဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသောသိမ် ဖြစ်ပေသည်။

www.dhammadownload.com

(၂) **နိဿိတသီမ** = အခြေခံမိုရာ သိမ်ပေါ်တွင် ဖြစ်ပေါ်လာ၍ မှီတတ်သောသိမ်သည် -

၁။ **ဗဒ္ဓသီမ** = ကမ္မဝါဖြင့် သမုတ်အပ်သောသိမ်၊

၂။ **အဗဒ္ဓသီမ** = ကမ္မဝါဖြင့် မသမုတ်အပ်သောသိမ် ဟူ၍ နှစ်မျိုး ရှိပေသည်။

၁။ ဗဒ္ဓသီမ = ကမ္မဝါဖြင့် သမုတ်အပ်သောသိမ်ဟူသည် - သိမ်သမုတ်မည့် ပေ(၅၀)၊ ပေ(၁၀၀) အစရှိသော မြေကွက်ကို ရှေးဦးစွာ ကျောက်တုံး၊ ကျောက်တိုင် စသည်တို့ဖြင့် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ထားရပါသည်။ ထို့နောက် လေးပါး၊ လေးပါးထက်များသော ရဟန်းတော်တို့က နှစ်ထောင့်ထွာစပ် အောင်နေ၍ ကမ္မဝါရွတ်ဖတ်ကာ အတည်ပြု (သမုတ်)ထားသော သိမ်မျိုး ဖြစ်ပေသည်။ ဤကဲ့သို့ ကမ္မဝါဖြင့် သမုတ်ထားသော သိမ်ကို "ဗဒ္ဓသိမ်"ဟု ခေါ်ရပေသည်။

ဗဒ္ဓသိမ်(၂)မျိုးရှိပုံ

ထိုဗဒ္ဓသိမ်သည် (၂)မျိုးရှိပေသည်။

(က) သိမ်သမုတ်ရန် သီးခြားမြေကွက်ကို အစိုးရမင်းများထံမှ တောင်းခံ၍ ရရှိပြီးမှ သမုတ်အပ်သော ဗဒ္ဓသိမ်၊

www.dhammadownload.com

(ခ) သိမ်သမုတ်ရန် သီးခြားမြေကွက်ကို အစိုးရမင်းများထံမှ မတောင်းခံပါဘဲ ကျေးရွာ/ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိနေကြသော ရဟန်းတော်များ၏ သဘောတူညီချက်ကိုယူ၍ သမုတ်ရသော ဗဒ္ဓသိမ်ဟူ၍ (၂)မျိုးရှိပေသည်။

အစိုးရမင်းများထံမှ သိမ်သမုတ်ရန် သီးခြားမြေကွက်ကို တောင်းခံရရှိပြီးမှ သမုတ်သောသိမ်ကို "ဝိသုဂါမဗဒ္ဓသိမ်"ဟု ခေါ်ရပါသည်။ အစိုးရမင်းများထံမှ သီးခြားမြေကွက် တောင်းခံခြင်းမရှိပါဘဲ ကျေးရွာ/ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိနေကြသော ရဟန်းတော်များ၏ သဘောတူညီချက်ဖြင့် သမုတ်ရသော သိမ်ကို "နယ်သိမ်းဗဒ္ဓသိမ်"ဟု ခေါ်ရပါသည်။

နယ်သိမ်းဗဒ္ဓသိမ်ကို သမုတ်လိုသောအခါ -

(က) ကျေးရွာ/ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိနေကြသော ရဟန်းတော်များအားလုံး သိမ်သမုတ်မည့် မြေကွက်ထဲ နှစ်ထောင့်ထွာအတွင်းသို့ ရောက်အောင် ပင့်ဆောင်ရပါသည်။

(ခ) မပင့်ဆောင်နိုင်ခဲ့သော် ထိုရဟန်းတော်များ၏ သဘောတူညီချက်ဆန္ဒကို တောင်းယူရပါသည်။

www.dhammadownload.com

(၈) ဆန္ဒမပေးနိုင်ခဲ့သော် ထိုရဟန်းတော်တို့သည် မိမိတို့ကျောင်းတိုက် ဗဒ္ဓသိမ်ထဲ၌ဝင်၍ နေကြရပါသည်။

ဤအင်္ဂါ(၃)ချက်နှင့်ညီအောင် ပြုလုပ်ပြီးသောအခါ သိမ်သမုတ်မည့် ပေ(၅၀)၊ ပေ(၁၀၀) စသည်ရှိသော မြေကွက်၌ ရှေးဦးစွာ ထုံးမှုန့်၊ ထုံးရေများဖြင့် တစ်ထောင့်ထွာခန့်အကွက်လေးများ ပြုလုပ်၍ သိမ်နတ်ရပါသည်။ ထို့နောက် ကျောက်တိုင်စသည်တို့ဖြင့် သိမ်၏နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ရပါသည်။ ထို့နောက်မှ လေးပါး၊ ငါးပါးထက်များသော ရဟန်းတော်တို့နှင့် နှစ်ထောင့်ထွာစပ်အောင်နေ၍ ကမ္မဝါရွတ်ဖတ်ကာ သိမ်သမုတ်ရပါသည်။ ဤသိမ်ကို "နယ်သိမ်းဗဒ္ဓသိမ်" ဟု ခေါ်ရပါသည်။

ဤကဲ့သို့ နယ်သိမ်းဗဒ္ဓသိမ်သမုတ်နေခိုက်တွင် ဆန္ဒပေးခြင်းစသည်မရှိသော ရဟန်းတစ်ပါးပါး ရပ်ကွက်အတွင်းသို့ ဝင်ရောက်လာပါက၊ ရပ်ကွက်အတွင်း၌ရှိနေပါက ထိုနယ်သိမ်းဗဒ္ဓသိမ်သမုတ်ခြင်း မအောင်မြင်တော့ပေ။ သို့ဖြစ်၍ ရန်ကုန်မြို့ကဲ့သို့သော မြို့ကြီးများ၌ နယ်သိမ်းဗဒ္ဓသိမ် သမုတ်ရခြင်းသည် မလွယ်ကူကြပေ။ ခက်ခဲလှပေသည်။

www.dhammadownload.com

ဤကဲ့သို့ ခက်ခဲမှုများမရှိအောင် အစိုးရမင်းများထံမှ ပေ(၅၀)၊ ပေ(၁၀၀)စသည်ဖြင့် သိမ်သမုတ်ရန် မြေကွက်ကို လျှောက်ထားတောင်းခံရပါသည်။ အစိုးရမင်းများထံမှ သိမ်သမုတ်ရန် မြေကွက်ကို ရပြီးသောအခါ ကျေးရွာ/ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိကြသော ရဟန်းတော်များကို ပင့်ဆောင်ရခြင်း၊ ထိုရဟန်းတော်များ၏ သဘောတူညီချက်ဆန္ဒကို ယူရခြင်းများ မပြုလုပ်ရတော့ပါဘဲ သိမ်သမုတ်ရန် သတ်မှတ်ထားသော မြေကွက်အတွင်း၌ လေးပါး၊ ငါးပါးထက်များသော ရဟန်းတော်များ နှစ်ထောင့်ထွာစပ်အောင်နေ၍ သိမ်နတ်ကြရပါသည်။ ထို့နောက်မှ ကမ္မဝါရွတ်ဖတ်ကာ သိမ်သမုတ်ရပါသည်။ ဤသိမ်ကို "ဝိသုဂါမဗဒ္ဓသိမ်" ဟု ခေါ်ပါသည်။

ဤကဲ့သို့ အစိုးရမင်းများထံမှ သိမ်သမုတ်ရန် သီးခြားမြေကွက်ကိုတောင်းခံရပြီးမှ ဝိသုဂါမဗဒ္ဓသိမ်သမုတ်ရခြင်းသည် ရပ်ကွက်အတွင်းရှိ ရဟန်းတော်အားလုံးကို ပင့်ဆောင်ရခြင်းလည်းမရှိ၊ ရပ်ကွက်အတွင်းရှိသော ရဟန်းတော်တို့၏ သဘောတူညီချက်ဆန္ဒကို တောင်းယူရခြင်းလည်း မရှိသောကြောင့် လွယ်ကူလှပေသည်။ အောင်မြင်တာလည်း များကြပေသည်။ သို့ဖြစ်၍ ဝိသုဂါမသိမ်ကို ဆရာတော်၊ သံဃာတော်များက နှစ်သက်တော်မူကြပေသည်။

www.dhammadownload.com

အချို့အရပ်ဒေသများ၌ သိမ်ထဲသို့ အမျိုးသမီးများ မဝင်ကောင်း၊ မဝင်ရဟူ၍ ယူဆကာ တားမြစ်ထားခြင်းသည် သိမ်ကို အထူးအလေးဂရုပြု၍ ဝိနည်းသိက္ခာပုဒ်များ၌ တတ်သိမူဗဟုသုတ နည်းပါးသောကြောင့် ယူဆကာ တားမြစ်ခြင်းပင် ဖြစ်ပေသည်။ သိမ်ထဲသို့ ဝင်ရောက်ကြရာတွင် ဝိနည်းတော်၌ အမျိုးသားနှင့် အမျိုးသမီး ခွဲခြားသတ်မှတ်ထားခြင်း မရှိပေ။ ကံပြုနေသောအခါ ရဟန်းတော်များ၏ နှစ်ထောင့်ထွာအတွင်းသို့ အမျိုးသား၊ အမျိုးသမီးနှစ်ဦးလုံး မဝင်ရရုံသာ ဖြစ်ပေသည်။ သို့ဖြစ်၍ အမျိုးသမီးများလည်း သိမ်ထဲသို့ ဝင်ကောင်းသည်မှာ ထင်ရှားလှပေသည်။

၂။ **အဗဒ္ဓသိမ်** = ကမ္မဝါဖြင့် မသမုတ်ရသောသိမ်သည် -

(က) **သတ္တဗ္ဘန္တရသီမ** = အတောင်ဖြင့် ပိုင်းခြားအပ်သောသိမ်၊

(ခ) **ဥဒကုက္ခေပသီမ** = ရေတစ်ကျဖြင့် ပိုင်းခြားအပ်သောသိမ်ဟူ၍ (၂)မျိုးရှိပေသည်။

(က) **သတ္တဗ္ဘန္တရသီမ** = အတောင်ဖြင့် ပိုင်းခြားအပ်သောသိမ်ဟူသည် -

တောအရပ်၌နေကြသော ရဟန်းတော်များ ချမ်းသာစွာ ကံပြုနိုင်ရေးအတွက် မြတ်စွာဘုရား ခွင့်ပြုတော်မူသောသိမ်

www.dhammadownload.com

ဖြစ်ပေသည်။ ရဟန်းတော်များနေရာအရပ်မှ အပ္ပန္နရ(၇)ခုတို့ဖြင့် ပိုင်းခြားအပ်သော အရပ်ဒေသသိမ် ဖြစ်ပါသည်။

အပ္ပန္နရတစ်ခုလျှင် (၂၀)တောင်ရှိပေသည်။ ရဟန်းတော်များ နေရာအရပ်မှ အရှေ့ဘက်သို့ (၁၉ဖ)တောင်၊ တောင်ဘက်သို့ (၁၉ဖ)တောင်၊ မြောက်ဘက်သို့ (၁၉ဖ)တောင်၊ အနောက်ဘက်သို့ (၁၉ဖ)တောင်တို့ဖြင့် ပိုင်းခြားအပ်သော အရပ်ဒေသသည် သတ္တပ္ပန္နရသိမ် ဖြစ်ပေသည်။ ဤသိမ်သည် အစိုးရမင်းတို့၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်။ မြတ်စွာဘုရား၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ် ဖြစ်ပေသည်။

(ခ) **ဥဒကုက္ခေပသီမ** = ရေတစ်ကျဖြင့် ပိုင်းခြားအပ်သောသိမ်ဟူသည် -

မြစ်ချောင်းသမုဒ္ဒရာရေအိုင်တို့၌ သွားလာနေထိုင်ကြသော ရဟန်းတော်များ ချမ်းသာစွာ ကံပြုနိုင်ရေးအတွက် မြတ်စွာဘုရား ခွင့်ပြုတော်မူသောသိမ် ဖြစ်ပေသည်။ မြစ်ချောင်းသမုဒ္ဒရာရေအိုင်တို့၌ သွားလာနေထိုင်ကြသော ရဟန်းတော်များ နေရာအရပ်မှ လက်ဖြင့် ကော်ပက်လိုက်သောရေ၏ ကျရာအရပ်ဖြင့် ပိုင်းခြားအပ်သောသိမ် ဖြစ်ပေသည်။

www.dhammadownload.com

ရဟန်းတော်များ၏ တည်ရာအရပ်မှ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်များသို့ အားအလယ်အလတ်ရှိသော ယောက်ျားပက်လိုက်သော ရေတစ်ကျဖြင့် ပိုင်းခြားအပ်သောသိမ် ဖြစ်ပေသည်။ ဤသိမ်ကို ရေသိမ်ဟူ၍လည်း ခေါ်ကြပေသည်။ ဤသိမ်၌ ကံပြုသောအခါ ရဟန်းတော်များ ရေထဲဆင်း၍လည်း ကံပြုနိုင်ပါသည်။ ကျောင်းငယ်များ ဆောက်လုပ်၍လည်း ကံပြုနိုင်ပါသည်။ မိုးလေးလအတွင်း ရေရှိပါက ဆောင်းဥတု၊ နွေဥတု တို့၌ ရေမရှိသောသဲသောင်ပြင်၊ မြေပြင်တို့၌လည်း ကံပြုနိုင်ပါသည်။

မိုရာသိမ်(၅)လုံးမှ မိုတတ်သိမ်(၃)လုံး ဖြစ်ပေါ်လာပုံ

(က) **ဂါမသိမ** = မြို့ရွာသိမ်ကိုအမှီပြု၍ ကမ္မဝါဖြင့် သမုတ်အပ်သော ဗဒ္ဓသိမ် ဖြစ်ပေါ်လာပေသည်။

(ခ) **အရညသိမ** = တောအရပ်သိမ်ကိုအမှီပြု၍ အတောင်ဖြင့် ပိုင်းခြားအပ်သော (မိုတတ်) သတ္တဗ္ဘန္တရသိမ် ဖြစ်ပေါ်လာပေသည်။

(ဂ) **နဒီသိမ** = မြစ်ချောင်းသိမ်၊

(ဃ) **သမုဒ္ဒသိမ** = သမုဒ္ဒရာသိမ်၊

www.dhammadownload.com

(c) **ဇာတဿရသိမ** = ရေအိုင်သိမ်ကိုအမှီပြု၍ ရေတစ်ကျဖြင့် ပိုင်းခြားအပ်သော (မီတာ်) ဥဒကုက္ခေပသိမ် ဖြစ်ပေါ်လာပေသည်။

ဤကဲ့သို့ **နိဿယသိမ** = မှီရာသိမ်(၅)လုံး၊ **နိဿိတသိမ** = မှီတတ်သောသိမ်(၃)လုံးပေါင်း သိမ်(၈)လုံး ဖြစ်ပေသည်။ ဤသိမ်(၈)လုံးကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့် ရဟန်းတော်များ သိထားဖွယ်ကောင်းလှပါပေသည်။

သိမ်ကျောင်းလှူခြင်းအကျိုး

ဆောင်ပုဒ်။ ။ မည်းညစ်ရာမှ၊ ဖြူစင်ကြ၊ တင်ရကျေသိမ်မှာ။
ယုတ်နိမ့်ရာမှ၊ မြင့်မြတ်ကြ၊ တင်ရကျေသိမ်မှာ။
ဝဲသြဃမှ၊ ဆယ်ယူရ၊ တင်ကြကျေသိမ်မှာ။
ထို့ကြောင့်ပင်လျှင်၊ သိမ်လှူရှင်၊ အစဉ်မွန်မြတ်သည်။
မွန်မြတ်ရာမှာ၊ လှူဒါန်းတာ၊ မုန်စွာကျိုးများသည်။

www.dhammadownload.com

သိမ်ကျောင်းလူ့ဟာ၊ နိဗ္ဗဒ္ဓါ၊
မှန်စွာဖြစ်ပေသည်။
သိမ်ကျောင်းလူ့ကြ၊ နိဗ္ဗဒ္ဓ၊ ပုညရှိသူမှန်။
သောတာလိုပဲ၊ ဂတိမြဲ၊ သူလဲပါယ်မပြန်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

www.dhammadownload.com

၁–နှစ်မှတစ်ကြိမ် မြတ်ကထိန်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကထိန်ခင်းခြင်း၊ ကထိန်အလှူပွဲပြုလုပ်ခြင်းတို့ကို အလွန်ပင် စိတ်ဝင်စားကြပေသည်။ ကထိန်အလှူများသို့ မိသားစုတို့ တပျော်တပါး သွားလေ့ရှိကြပေသည်။ ကထိန်အလှူရှင်များကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကျွေးမွေးလေ့ရှိကြပေသည်။ စားဖွယ်သောက်ဖွယ်များကို အထူးစီမံ၍ ကျွေးမွေးလေ့ရှိကြပေသည်။ ကထိန်အလှူပွဲသို့ လာရောက်ကြသူများကလည်း ပျော်ပျော်ပါးပါး သုံးဆောင်မှီဝဲစားသောက်ကြပေသည်။ ကထိန်တရားကိုလည်း ကထိန်အလှူရှင်များနှင့်အတူ နာယူလေ့ရှိကြပေသည်။ ၁-နှစ်မှတစ်ကြိမ် လှူဒါန်းခွင့်ရသောကြောင့် အလွန်အကျိုးကြီးမြတ်သည်ဟု ယုံကြည်ကြပေသည်။ **"သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ်"** ဟူ၍ပင် ဆိုရိုးပြုကြပေသည်။

www.dhammadownload.com

ကထိန်နှင့်စပ်၍ သိဖွယ်ရာများမှာ -

၁။ ကထိန်ဆိုသည့် စကား၏အဓိပ္ပာယ်၊

၂။ ခင်းခြင်းဆိုသည့် စကား၏အဓိပ္ပာယ်၊

၃။ ကထိန်ခင်းရခြင်းအကြောင်း၊

၄။ ကထိန်ခင်းရခြင်းအကျိုး၊

၅။ ကထိန်အလှူ မွန်မြတ်သည်ဟုဆိုရခြင်း ဤ(၅)မျိုး မှာ သိဖွယ်ရာ ကောင်းလှပါပေသည်။

၁။ ကထိန်ဟူသော စကားသည် "**ကထိန**"ဟူသော ပါဠိမှ သက်ဆင်းဖြစ်ပေါ်လာသော စကားဖြစ်ပေသည်။ "**ကထိန**" ဟူသော ပါဠိက မြဲခြင်းဟူသော အနက်ကို ဟောပါသည်။ မြဲခြင်းအမျိုးမျိုးတို့တွင်လည်း အချိန်ကာလမြဲခြင်း နှင့် အကျိုးတရားမြဲခြင်းတို့ကို ဟောပါသည်။ ကထိန်ဟူသည် အချိန်ကာလအားဖြင့်လည်း မြဲ၏၊ အကျိုးတရားအားဖြင့်လည်း မြဲ၏ဟု အဓိပ္ပာယ်ရပါသည်။

အချိန်ကာလမြဲပုံ

မြတ်စွာဘုရား သတ်မှတ်ပေးထားသော အချိန်ကာလ အတွင်းမှာသာ ကထိန်ခင်းခြင်းကို ပြုလုပ်ကြရသောကြောင့် ကထိန်သည် အချိန်ကာလအားဖြင့် မြဲပေသည်။ သီတင်းကျွတ်

www.dhammadownload.com

လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တစ်လအတွင်းမှာသာ ကထိန်သင်္ကန်းလှူခြင်း၊ ကထိန်ခင်းခြင်းကို ပြုလုပ်ရမည်ဟု မြတ်စွာဘုရား၏ အမိန့်အာဏာတော်ဖြင့် ပိုင်းခြားသတ်မှတ်ပေးထားသောကြောင့် တစ်လအတွင်းမှာသာ ကထိန်ခင်းခြင်းကို ပြုလုပ်ကြရပေသည်။ အခြားသောနတ်တော်၊ ပြာသို၊ တပို့တွဲစသော လများသို့ ပြောင်းရွှေ့ကာ ကထိန်ခင်း၍ မရကြပေ။ သို့ဖြစ်၍ ကထိန်သည် အချိန်ကာလအားဖြင့် မြဲခြင်းဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အချိန်ကာလ၊ ပြောင်းမရ၊
မြဲလှကထိန်မည်။

အကျိုးဓာရေးမြဲပုံ

ကထိန်ခင်းသော ကျောင်းတိုက်၌ နေထိုင်ကြသည့် (ပုရိမဝါမှထသော) ရဟန်းတော်တို့သည် ကထိန်အကျိုး(၅)ပါးကို ရရှိစေဟု မြတ်စွာဘုရား ခွင့်ပြုပေးသနားတော်မူသော အကျိုးတရား(၅)ပါးကို သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် (၅)လအထိ မြဲစွာတည်နေ၏။ တစ်ပါးသောလများသို့ ကထိန်အကျိုးတရားများ ပြောင်းသွားခြင်း

www.dhammadownload.com

မရှိပေ။ သို့ဖြစ်၍ ကထိန်သည် အကျိုးတရားအားဖြင့်လည်း မြဲခြင်းဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အကျိုးတရား၊ ရွေ့မသွား၊ မြဲခြားကထိန်မည်။

၂။ ခင်းခြင်းဟူသည် ကထိန်အကျိုးများကို ကျယ်ပြန့်သွားအောင် ပြုလုပ်ခြင်းပင် ဖြစ်ပေသည်။ ကထိန်မခင်းသော ကျောင်းတိုက်၌ နေထိုင်ကြသော ရဟန်းတော်တို့သည် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ၁-လသာ ကထိန်အကျိုးကို ရရှိကြပေသည်။ ကထိန်ခင်းသော ကျောင်းတိုက်၌ နေထိုင်ကြသော ရဟန်းတော်တို့သည် ၁-လမှ ၅-လအထိ ကျယ်ပြန့်၍ အကျိုးတရားများကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ တစ်လကျိုးကား၊ ငါးလပွား၊
ပြန့်သွားခင်းသည်မည်။

ဥပမာ - မိမိတို့အိမ်သို့ ည့ဉ်သည်များ ရောက်ရှိလာ၍ ငါးခေါက် ခေါက်ထားသော ကော်ဇောကြီးကို ခင်းချ၊ ဖြန့်ချလိုက်သောအခါ တစ်ဆမှ ငါးဆသို့ ကျယ်ပြန့်သွားသကဲ့သို့ ထို့အတူ ဒကာ၊ ဒကာမများက ကထိန်သင်္ကန်းကို လှူဒါန်းလိုက်သောအခါ

www.dhammadownload.com

သံဃာတော်များက ဝိနည်းကံဖြင့် ကထိန်ခင်းလိုက်သည်ရှိသော် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့အထိ ၁-လသာ ရရှိသော အကျိုးမှ တပေါင်းလပြည့် နေ့တိုင်အောင် ၅-လအထိ ကထိန်အကျိုးတရားများ ကျယ်ပြန့် သွားပေသည်။ ကထိန်အကျိုးတရား (၅)ပါးကို ရဟန်းတော်များ ၁-လမှ ၅-လအထိ ကျယ်ပြန့်စွာ ခံစားခွင့် ရရှိကြပေသည်။

ဤကဲ့သို့ ဒကာ၊ ဒကာမများက သင်္ကန်းလှူဒါန်း၍ ဆရာတော်၊ သံဃာတော်များက ၁-လမှ ၅-လအထိ ကထိန် အကျိုးတရား ကျယ်ပြန့်သွားအောင် ဝိနည်းကံဖြင့် ပြုလုပ်ခြင်းကို ခင်းသည်ဟု ဆိုရပါသည်။

၃။ ကထိန်ခင်းရခြင်းအကြောင်းမှာ - မြတ်စွာဘုရားလက် ထက်တော်အခါက ပါဝေယျကတိုင်းသား ရဟန်း(၃၀) တို့သည် မြတ်စွာဘုရားကို ဖူးမြင်ဖို့ရာ ရောက်လာကြ ရာတွင် သင်္ကန်းကို မိုးစို၍ သင်္ကန်းဖြင့် ပင်ပန်းနေကြ သောကြောင့် ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့ပါသည်။

ပါဝေယျကတိုင်းသား ရဟန်း(၃၀)တို့၏ ရဟန်းဖြစ်လာ ရခြင်းအကြောင်းမှာ - မြတ်စွာဘုရား ဘုရားဖြစ်ပြီး၍ ၁-ဝါရပြီး သောအခါ ဥရုဝေလတောသို့ ကြွသွားတော်မူ၍ သစ်ပင်ရင်း

www.dhammadownload.com

တစ်ခုမှာ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဘဒ္ဒဝဂ္ဂိညီနောင် မင်းသား(၃၀)တို့သည် ဥရုဝေလတောထဲသို့ ဇနီးမယားတို့နှင့်တကွ ဥယျာဉ်ကစား ပျော်ပါးဖို့ရာ ရောက်လာကြပေသည်။ မင်းသားတို့ ပျော်ပါးကစားနေကြစဉ် အငှားဇနီးမယားဖြစ်သူတစ်ဦးသည် အရှင် မင်းသား၏ ပစ္စည်းဥစ္စာများကို ခိုးယူ၍ ထွက်ပြေးသွားလေ၏။ မင်းသား(၃၀)တို့သည် ခိုးယူထွက်ပြေးသွားသော အမျိုးသမီးကို လိုက်ရှာကြရာ မြတ်စွာဘုရားကို တွေ့မြင်ကြလေ၏။ မြတ်စွာဘုရားထံ ချဉ်းကပ်၍ အမျိုးသမီးတစ်ယောက် ပျောက်သွားသဖြင့် လိုက်ရှာကြရသည့်အကြောင်း လျှောက်ထားကြလေ၏။

မြတ်စွာဘုရားက "မင်းသားတို့ ... အမျိုးသမီးကိုရှာခြင်းနှင့် မိမိကိုယ်ကို ရှာခြင်းတို့တွင် အဘယ်ရှာခြင်းက ပိုမြတ်သနည်း" ဟု မေးတော်မူ၏။ ပါရမီရင့်ကျက်နေကြသော မင်းသားတို့က "မိမိကိုယ်ကို ရှာခြင်းက ပို၍မြတ်ပါသည်" ဟု လျှောက်ထားကြလေ၏။ "ဤကဲ့သို့ မိမိကိုယ်ကို ရှာခြင်းက ပိုမြတ်လျှင် သင်တို့ထိုင်ကြ၊ ငါဘုရား တရားဟောမည်" ဟု မိန့်ကြားကာ တရားဟောတော်မူ၏။ တရား၏အဆုံး၌ မင်းသား(၃၀)တို့သည် သောတာပန်ဖြစ်သွားကြလေ၏။ မြတ်စွာဘုရားက "**ဧဟိ ဘိက္ခဝေါ**" ဟု ခေါ်တော်မူလိုက်ရာ ရဟန်းများ ဖြစ်သွားကြလေ၏။

www.dhammadownload.com

ဟိုရဟန်း(၃၀)တို့သည် အာရညကင်ခုတင်ကို ဆောက်တည်၍ တောဥသာ နေကြ၏။ ပိဏ္ဍပါတ်ခုတင်၊ ပံသုကူဋခုတင်၊ သင်္ကန်းသုံးထည်ဖြင့်သာနေခြင်း (ဘိစီဝရိုက်)ခုတင်တို့ကို ဆောက်တည်၍ နေကြလေကုန်၏။ ထိုရဟန်း(၃၀)တို့သည် (၁၃)နှစ်တိုင်တိုင် တောအရပ်မှာ နေကြပြီးသောအခါ မြတ်စွာဘုရားကို အလွန်ဖူးမြင်လိုကြသောကြောင့် မြတ်စွာဘုရားရှိတော်မူရာ သာဝတ္ထိပြည်သို့ ခရီးထွက်ကြလေသည်။ ခရီးကား အလွန်ဝေးကွာလှသည်ဖြစ်၍ မြတ်စွာဘုရားရှိတော်မူရာ သာဝတ္ထိပြည်သို့ မရောက်မီ ဝါဆိုဖို့ရာ အချိန်ကျရောက်လာသောကြောင့် သာဝတ္ထိပြည်နှင့် (၆)ယူဇနာ ကွာဝေးသော သာကေတမြို့မှာ ဝါဆိုကြရပေသည်။

ဝါကျွတ်သည်နှင့်တစ်ပြိုင်နက် (ပဝါရဏာပြုပြီးလျှင်) မြတ်စွာဘုရားရှိတော်မူရာ သာဝတ္ထိပြည်သို့ ဦးတည်၍ ခရီးထွက်ကြလေ၏။ လမ်းခရီးတွင် မိုးက အလွန်ရွာသွန်းသဖြင့် သင်္ကန်းများ မိုးစို၊ ရှုံ့ညွှန်များပေကျံ၍ ပင်ပန်းစွာ မြတ်စွာဘုရားထံသို့ ရောက်လာကြလေ၏။ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ... ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိကြပါ၏လော"ဟု စသည်ဖြင့် (ပဋိသန္ဓာရ)နှုတ်ဆက်စကား မိန့်ကြားတော်မူ၏။ ထို့နောက် အလွန်ဝေးသောခရီးမှ လာခဲ့ကြပြီးလျှင် သင်္ကန်းများ မိုးစို၍ ပင်ပန်းနေကြသော ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ -

www.dhammadownload.com

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ

"ဝါမှထကုန်သော ရဟန်းတို့အား ကထိန်ခင်းခြင်းကို ငါဘုရား ခွင့်ပြုတော်မူ၏"ဟု ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူလိုက်ပါသည်။

ဤကဲ့သို့ သင်္ကန်းနွမ်းပါး၊ သင်္ကန်းရှားပါးနေကြသော ဘဒ္ဒဝဂ္ဂိမင်းသား ရဟန်းတော်များကို အကြောင်းပြု၍ မြတ်စွာဘုရား ၁၄-ဝါမြောက်မှာ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့ပါသည်။ ယနေ့တိုင်အောင် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ကထိန်ခင်းခဲ့ကြရပေသည်။ သင်္ကန်းနွမ်းပါး၊ သင်္ကန်းရှားပါးကြသော ဘဒ္ဒဝဂ္ဂိညီနောင် (၃၀) ရဟန်းတော်များကို အကြောင်းပြု၍ မြတ်စွာဘုရား ၁၄-ဝါမြောက်မှစ၍ ယနေ့တိုင်အောင် ကထိန်ခင်းခဲ့ကြရပေသည်။

ဆောင်ပုဒ်။ ။ ဆယ့်လေးဝါမှာ၊ ကထိနာ၊
မှန်စွာခွင့်ပြုသည်။
ဘဒ္ဒဝဂ္ဂီ၊ သုံးဆယ်ညီအား၊ သင်္ကန်းရှား၊
သနားခွင့်ပြုသည်။

၄။ ကထိန်ခင်းရခြင်းအကျိုးမှာ - ဒကာ၊ ဒကာမများက ကထိန်သင်္ကန်းလှူဒါန်းသဖြင့် ရဟန်းတော်များက ဝိနည်း

www.dhammadownload.com

ကံဖြင့် ကထိန်ခင်းလိုက်သောအခါ သီတင်းကျွတ်လ ပြည့်ကျော် ၁-ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင် အောင် ကထိန်အကျိုး(၅)ပါးကို ရဟန်းတော်များ ရရှိ ကြပေသည်။ ကထိန်သင်္ကန်း လျှဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ရဟန်းတော်များ ရရှိသော အကျိုး (၅)ပါးနှင့် လျော်ညီစွာ အကျိုး(၅)ပါး ရရှိကြပေသည်။

(က) **အနာမန္တစာရ** = ပင့်ဖိတ်ထားသော ဆွမ်းစားရှိပါလျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြား ဘဲ အရပ်တစ်ပါးသို့ သွားသော်လည်း အာပတ်မသင့်ခြင်းအကျိုးကို ရဟန်း တော်များ ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ မပန်မကြား၊ လိုရာသွား၊ ပြစ်များမသင့်ပြီ။

ကထိန်သင်္ကန်း လျှဒါန်းကြသော ဒကာ၊ ဒကာမတို့ သည်လည်း ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်းတို့၌ အရပ်ဒေသ တစ်ပါးသို့ သွားလိုသောအခါ သူတစ်ပါးတို့ တားဆီးခြင်းမပြုနိုင်။ လွတ်လပ်စွာ သွားနိုင်ခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊
လိုရာသွားနိုင်သည်။

www.dhammadownload.com

(၁) **အသမာဒါနစာရ** = တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကို ထားလိုရာအရပ်၌ထား ကာ သွားသော်လည်း အာပတ် မသင့်ခြင်းအကျိုးကို ရဟန်းတော်များ ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားကာသွားနိုင်သည်။

ကထိန်သင်္ကန်း လျှဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်းတို့၌ အရပ်တစ်ပါးသို့ သွားလာခြင်းကိစ္စ၊ အလုပ်အကိုင်ကိစ္စတို့ကို ပြုလုပ်သောအခါ တာဝန်ကိစ္စများ မလေးပါဘဲ ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူနှင့် ပြီးမြောက်ခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။

(၈) **ဂဏဘောဇန** = (၄)ပါး၊ (၄)ပါးထက် ပိုလွန်သော ရဟန်းတော်တို့ကို ထမင်းစားလာခဲ့ပါ၊ ဟင်းစားလာခဲ့ပါ၊ မုန့်စားလာ

www.dhammadownload.com

ခဲ့ပါ စသည်ဖြင့် မအပ်သောဖိတ်ခြင်း ဖြင့် ဖိတ်အပ်သော ဆွမ်းဘောဇဉ်များ ကို စားလိုက လိုက်၍စားသော်လည်း အာပတ်မသင့်ခြင်းအကျိုးကို ရဟန်း တော်များ ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ လေးပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင်စားနိုင်သည်။

ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်းတို့၌ စားလိုရာ အာဟာရအမျိုးမျိုးတို့ကို စားချင်တိုင်း စားပါသော်လည်း ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်း၊ အဆိပ်ဖြစ်ခြင်းစသော ဘေးဖြစ်ခြင်းမည်သည်မရှိ၊ စားသမျှ ကြေညက်ခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ စားလိုရာများ၊ စားသော်ငြား၊ ဘေးကားမဖြစ်ပြီ။

(ဃ) **ယာဝဒတ္ထစီဝရ** = များစွာသောသင်္ကန်းတို့ကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုပါဘဲ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှစ၍

www.dhammadownload.com

တပေါင်းလပြည့်နေ့တိုင်အောင် ၅-
လအထိ သိမ်းဆည်းထားပါသော်
လည်း အာပတ်မသင့်ခြင်းအကျိုးကို
ရဟန်းတော်များ ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ သင်္ကန်းများစွာ၊ ငါးလမှာ၊
သိမ်းကာထားနိုင်သည်။

ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ၊ ဒကာမတို့သည်
လည်း ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်းတို့၌ စိန်၊ ရွှေ၊ ငွေ၊
ပတ္တမြား စသည့် များစွာသောရတနာတို့ကို သိမ်းဆည်းထားပါ
သော်လည်း ရန်သူမျိုး(၅)ပါး ဘေးရန်များမရှိပါဘဲ ကောင်းမွန်စွာ
သိမ်းဆည်းထားနိုင်ခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ ပစ္စည်းအများ၊ သိမ်းပိုက်ထား၊
ဘေးကာမရှိပြီ။

(c) **ယောစတတ္ထစီဝရပ္ပါဒ** = ကထိန်ခင်းပြီးသည်မှနောက်
၌ ကထိန်ခင်းသော ကျောင်းတိုက်
သို့ တစ်ပါးသော ကျောင်းတိုက်က
သံဃာတော်များ လာရောက်နေထိုင်

www.dhammadownload.com

ကြရာတွင် သံဃာအားလုံးအတွက် သင်္ကန်းလျှဒါန်းပါသော်လည်း မူလ ကထိန်ခင်းထားသော ကျောင်းတိုက်က သံဃာတော်များကသာ ပိုင်ဆိုင်ရရှိခြင်းအကျိုးကိုလည်း ရရှိပေသည်။

ဆောင်ပုဒ်။ ။ သံဃာလှူငြား၊ သင်္ကန်းများ၊ သူ့အားသာဖြစ်သည်။

ကထိန်သင်္ကန်း လှျဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်းတို့၌ ကိုယ့်ပစ္စည်းများကို ကိုယ်မပေးလိုက ဘယ်လိုတန်ခိုးအာဏာကြီးများသူကမှ အနှိုင့်အထက်ပြု၍ မယူနိုင်။ ကိုယ်ကပေးမှသာ ယူလို့ရခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ ကိုယ့်ပစ္စည်းများ၊ သူတစ်ပါး၊ ယူသွားကင်းပသည်။

၅။ ကထိန်သင်္ကန်းအလှူ မွန်မြတ်သည်ဟု ဆိုရခြင်းမှာ - ရဟန်းတော်တို့သည် ကထိန်သင်္ကန်းမှ တစ်ပါးသော

www.dhammadownload.com

သင်္ကန်းများကို အလိုရှိသောအခါ မိဘ၊ ဆွေမျိုးများထံမှာလည်း တောင်းကောင်းပေသည်။ သင်္ကန်းအလိုရှိသောအခါ တောင်းခံပါဘုရားဟု ဖိတ်ထားသောသူများထံမှာလည်း တောင်းကောင်းပါသည်။ ကထိန်သင်္ကန်းကိုမူ မိဘ၊ ဆွေမျိုးများနှင့် ဖိတ်ထားသူများထံ၌ မတောင်းကောင်းပေ။ ကောင်းကင်မှ ကျလာသကဲ့သို့ ဒကာ၊ ဒကာမများ သူ့အလိုအလျောက် သဒ္ဓါတရားဖြစ်ပွား၍ လှူဒါန်းလာသော သင်္ကန်းကိုသာ ခံယူ၍ ကထိန်ခင်းရပေသည်။ ဤကဲ့သို့ တောင်းခံခြင်း လုံးဝမပါ၊ သန့်ရှင်းဖြူစင်စွာ ရရှိသော သင်္ကန်းဖြစ်၍ မွန်မြတ်လှပေသည်။ မွန်မြတ်သည်ဟု ဆိုရပေသည်။

ကထိန်သင်္ကန်းမှ တစ်ပါးသောပစ္စည်း(၄)ပါးကို သဒ္ဓါတရားရှိသူ ဒကာ၊ ဒကာမများက လှူဒါန်း၍ ခံယူကြရသောအခါ မြတ်စွာဘုရားက “ချစ်သားရဟန်းတို့ ... ရဟန်းသီလမရှိဘဲ သူတစ်ပါးလှူဒါန်းသော သင်္ကန်းကို ဝတ်ရုံရခြင်းသည် မီးအလျှံတောက်လောင်နေသော သံပြားကို ဝတ်ရုံရသည်ထက်ပင် ဆင်းရဲဒုက္ခများလှပေသည်။ ဆွမ်းကိုသုံးဆောင်ခြင်းသည် အလျှံပြောင်ပြောင် တောက်လောင်နေသော သံတွေခဲကို မျိုရသည်ထက်ပင် ဆင်းရဲဒုက္ခများလှပေသည်။ ကျောင်းထဲ၌ နေထိုင်ခြင်းသည်

www.dhammadownload.com

အလျှံပြောင်ပြောင် တောက်လောင်နေသော သံနှောင်အိမ်ထဲ၌ နေရသည်ထက်ပင် ဆင်းရဲဒုက္ခများလှပေသည်" စသည်ဖြင့် နှိပ်ကွပ်၍ သတိပေးစကား မိန့်ကြားတော်မူပါသည်။

ကထိန်သင်္ကန်းကို အလှူခံရာ၌ ရဟန်းတော်များကို ချီးမြှောက်၍ မိန့်ကြားတော်မူပါသည်။ "ချစ်သားရဟန်းတို့ ... ကထိန်သင်္ကန်းကိုလည်း ခံယူကြစေ၊ ကထိန်အကျိုးတရား(၅)ပါးကိုလည်း ၁-လမှ ၅-လအထိ ရရှိကြစေ"ဟု ချီးမြှောက်၍ မိန့်ကြားတော်မူသောကြောင့် ကထိန်သင်္ကန်းအလှူသည် မွန်မြတ်လှပေသည်။ မွန်မြတ်သည်ဟု ဆိုရပေသည်။

ကထိန်သင်္ကန်းအလှူသည် ၁-နှစ်မှတစ်ကြိမ်၊ တစ်ကြိမ်မှာလည်း တစ်လအတွင်းသာ၊ တစ်လအတွင်းမှာလည်း တစ်ရက်ဖြင့်သာ အပြီးခင်းရသောကြောင့် မွန်မြတ်လှသည်ဟု ဆိုရပေသည်။

ဝမ်းမြောက်ဝမ်းသာကို ဝိပဿနာဓူပံ့

ကထိန်အလှူရှင်တို့သည် ဖော်ပြပြီးခဲ့သော အကျိုး(၅)မျိုးကို မတောင်းရပါဘဲ ရရှိနိုင်ကြပါသည်။ နိဗ္ဗာန်ချမ်းသာသို့ ရောက်ကြောင်း ကုသိုလ်အထောက်အပံ့ကောင်းဖြစ်သည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်အောင် ဆင်ခြင်နလုံးသွင်းကြရပါသည်။

www.dhammadownload.com

ဤကဲ့သို့ နလုံးသွင်းလိုက်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသော အခါ ထိုဝမ်းမြောက်ဝမ်းသာကို ဝိပဿနာရှုကြရမည်ဟု ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးစသော ရှေးဆရာတော် ဘုရားကြီးများက မိန့်ကြားတော်မူကြပါသည်။

ကထိန်အလှူရှင်များ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာခြင်း ကို ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ထိုင်၍ရှုမှတ်ကြရပေသည်။ ဤကဲ့သို့ ရှုမှတ်လိုက်သည်ရှိသော် အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ် အမြင်များ ပြည့်စုံသွားကြပါလျှင် နိဗ္ဗာန်ချမ်းသာသို့ မျက်မှောက် ပြုသောအားဖြင့် ဆိုက်ရောက်သွားကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကထိနဒါန၊ ကျိုးများစွ၊ လှူလှဖူးလေပြီ။
ယခုတစ်ခါ၊ လှူရတာ၊ လွန်စွာဝမ်းသာသည်။
ဝမ်းသာခိုက်မှာ၊ ဖြစ်ပျက်သာ၊
ရှုကာသိရမည်။
ဖြစ်ပျက်သိက၊ အနိစ္စ၊ ဒိဋ္ဌသိနိုင်သည်။
အနိစ္စမြင်တော့၊ ဒုက္ခထင်သည်၊
ဒုက္ခထင်တော့၊ အနတ္တမြင်သည်၊
အနတ္တမြင်၊ နိဗ္ဗာန်ခွင်၊
ပြေးဝင်ဆိုက်ရောက်သည်။ (စည်)

www.dhammadownload.com

နာမရူပပရိစ္ဆေဒဉာဏ်အဆင့်သို့ ရောက်နေသောပုဂ္ဂိုလ်များက ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ကာ ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ထိုင်၍ ရူမှတ်လိုက်သည်ရှိသော် ဝမ်းသာနေတာက တခြား၊ ထိုင်နေသည့် ရုပ်ကိုယ်ကြီးကတခြားဟု နာမ်နှင့်ရုပ် ကွဲပြားကာ သိလာတတ်ကြပေသည်။ ထိုင်နေတဲ့ ရုပ်ကိုယ်ကြီးက အာရုံကိုမသိတတ်သောကြောင့် ရုပ်တရားဖြစ်သည်၊ ဝမ်းသာနေတာက အာရုံကိုသိတတ်သောကြောင့် နာမ်တရားဖြစ်သည်ဟု သိလာခြင်းသည် နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေသည်။

ပစ္စယပရိဂ္ဂဟဉာဏ်အဆင့်သို့ ရောက်နေကြသောပုဂ္ဂိုလ်များက ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ရူမှတ်လိုက်သည်ရှိသော် ဝမ်းသာနေတာက ရှေ့မှ ပေါ်ပေါ်ပေးနေ၍ မှတ်သိစိတ်များက နောက်မှ လိုက်၍လိုက်၍ ရူမှတ်နေရသောကြောင့် ဝမ်းသာနေတာက အကြောင်းတရား၊ မှတ်သိစိတ်များက အကျိုးတရား ဖြစ်သည်ဟု သိလာခြင်းသည် အကြောင်းနှင့်အကျိုးကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေသည်။

သမ္မသနဉာဏ်သို့ ရောက်နေကြသောပုဂ္ဂိုလ်များက ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ရူမှတ်လိုက်သည်ရှိသော် ဝမ်းသာနေတာများက ပို၍ပို၍ ဝမ်းသာနေတာ၊ ပြန်၍ပြန်၍ လျော့သွား

www.dhammadownload.com

တာများကို သိလာတတ်ကြပေသည်။ ဤကဲ့သို့ သိလာခြင်းသည် မမြဲခြင်း = အနိစ္စကို သုံးသပ်၍ သိလာခြင်းပင် ဖြစ်ပေသည်။

ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေကြသောပုဂ္ဂိုလ်တို့က ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ရှုမှတ်လိုက်သည်ရှိသော် ဝမ်းသာခြင်းတို့သည် ဖြစ်ပေါ်လာပြီး ပျောက်ပျောက်သွားသည်ကို သိလာတတ်ကြပေသည်။ ပေါ်တာကဖြစ်၊ ပျောက်ပျောက်သွားတာက ပျက်ပင်ဖြစ်ပေသည်။ ဖြစ်ပျက်ကိုသိသော ဥဒယဗ္ဗယဉာဏ် ဖြစ်လာခြင်းပင် ဖြစ်ပေသည်။

ဖြစ်ပြီးတာနဲ့ ပျက်ပျက်သွားခြင်းသည် မမြဲခြင်း = အနိစ္စပင် ဖြစ်ပေသည်။ ဖြစ်တာ၊ ပျက်တာများက လျင်မြန်လွန်းလှသောကြောင့် နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း = ဒုက္ခဖြစ်သည်ဟု သိလာကြပေသည်။ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ဖြင့် နှိပ်စက်နေသောဒုက္ခကို မည်သည့်နည်းနှင့်မျှ ကာကွယ်၍မရသောကြောင့် ကိုယ်အစိုးမရသည့် = အနတ္တဟု သိလာကြပေသည်။ အနတ္တဉာဏ်အမြင်များ ပြည့်စုံသွားသောအခါ နိဗ္ဗာန်ချမ်းသာသို့ ဝင်ရောက်သွားကြမည် ဖြစ်ပေသည်။ မျက်မှောက်ပြုသောအားဖြင့် ဆိုက်ရောက်သွားကြမည် ဖြစ်ပေသည်။